# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၄) ရက် ၊ အင်္ဂါနေ့ ၊ (13-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၈၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# ဆိပ်ကမ်းလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး

ဆိပ်ကမ်းလုပ်ငန်းကဏ္ဍများသည် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံ၏အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခန်းကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိနေပြီး နိုင်ငံ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကိုမြှင့်တင်နိုင်ပြီး နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့အောင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိသည့် **Normal Trade** ၏ အဓိကဖြစ်သော ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်းရှိသည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို မြှင့်တင်နိုင်ပြီး နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ **(Port Industry)** ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

နှစ်စဉ် တိုးတက်လာနေသည့် နိုင်ငံ၏ကုန်သွယ်မှုပမာဏကို ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဆိပ်ကမ်းတံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေလမ်းကြောင်းများကို ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် လုပ်ငန်းသုံးရေယာဉ်များ၊ စက်ကိရိယာများ ဖြည့်တင်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကို စုဆောင်းလေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကိုလည်း ကုန်သွယ်မှုပမာဏတိုးတက်မှုနှင့်အတူ အကျိုးရှိစွာအသုံးချရမည်ဖြစ်သည်။

ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် **Stakeholder** များဖြစ်ကြသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများက ၎င်းတို့၏ဝန်ဆောင်မှုစနစ်နှင့် စွမ်းဆောင်ရည်ကို နိုင်ငံတကာကုန်သွယ်မှုအတွက် လိုအပ်ချက်စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရန် အဆင့်မြှင့်တင်ခြင်း၊ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် စက်ကိရိယာများကို တပ်ဆင်အသုံးချခြင်း၊ ဒေသတွင်း ခေတ်မီဆိပ်ကမ်းများနည်းတူ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနည်းလမ်းဖြင့် **Electronic Port(e-Port)** အဆင့်မှသည် **Smart Port** အဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို မြှင့်တင်ပြီး နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့အောင် အထောက်အကူပြုနိုင်ရန် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုများနှင့်အတူ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် တောင်သမန်တံတားနှင့် အင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၁၀၀၀၀ ကျော် လာရောက်လည်ပတ်



**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် တောင်သမန်တံတားနှင့် အင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၁၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားနှင့် အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ယနေ့ကျရောက်သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားခဲ့ကြောင်း သိရသည်။

"ပြည်ထောင်စုနေ့မှာ ပြည်တွင်းကခရီးသွားတွေပါ တောင်သမန်တံတားနဲ့ အင်းကို အနားယူအပန်းဖြေရင်း လာရောက်လည်ပတ်မှုက တော်တော်လေးများခဲ့ပါတယ်။ အခုက ပြည်ထောင်စုနေ့ရုံးပိတ်ရက်ဖြစ်တာကြောင့် ခရီးသွားဝင်ရောက်လည်ပတ်မှု တော်တော်လေးများတယ်။ တချို့လဲ ရန်ကုန်၊ ပြင်ဦးလွင် စတဲ့ နယ်ဝေးဒေသက ခရီးသွားတွေပါ လာရောက်လည်ပတ်မှု တော်တော်လေးများပြားပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ ဖေဖော်ဝါရီလ ပထမပတ်အတွင်းက လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၅၀၀ ကျော်သာရှိခဲ့သော်လည်း ယနေ့တွင် တောင်သမန်တံတားနှင့် အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၁၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"အခု ပြည်ထောင်စုနေ့ ရုံးပိတ်ရက်မှာ တောင်သမန်တံတားနဲ့ အင်းအတွင်း မိသားစုလိုက် အပန်းဖြေတာတွေလဲများတယ်။ ပြည်ပက ခရီးသွားဧည့်သည်တွေလဲ လာရောက်လည်ပတ်မှုတွေ ရှိပါတယ်"ဟု တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသများမှ ဝင်ရောက်လာသည့် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် မုန်လာဥဖြူများ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် မုန်လာဥဖြူများ နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ မုန်လာဥဖြူဈေးနှုန်းများမှာ အတွဲ ၄၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မုန်လာဥဖြူက တောင်ပေါ်ဒေသဘက်ကပဲ ထွက်ရှိတယ်။ ဈေးကောင်းပြီးတော့ အရောင်းအဝယ်တွေကောင်းနေပါတယ်။ တောင်ပေါ်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေ ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ မြေပြန့်ဒေသဘက်တွေက ထွက်ရှိမှု မရှိသေးပါဘူး။ မုန်လာဥဖြူစိုက်ပျိုးမှုတွေက အရင်နဲ့စာရင် နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ မုန်လာဥဖြူအပြင် အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့ သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် မတ်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မတ်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်မတ်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့်မတ်ပဲကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"နှမ်းနဲ့ မတ်ပဲက အရင် တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာပါတယ်။ အလားတူ ကုလားပဲ၊ ပဲတီစိမ်း စတဲ့သီးနှံတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းနက်(စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၉၅၀၀၀၊ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၈၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နျူကလီးယားစွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ (အပိုင်း-၇)

ပါမောက္ခကိုကိုအောင်



ဂျပန်နိုင်ငံရှိ ဖူကူရှီးမားဒိုင်အိချိနျူကလီးယားဓာတ်ပေါင်းဖိုကို တွေ့ရစဉ်။

နျူကလီးယားဓာတ်ပေါင်းဖိုများမှ ယိုစိမ့်ထွက်ရှိလာသော ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည်များသည် ကီလိုမီတာပေါင်း ထောင်နှင့်ချီ၍ဝေးလံသော ဒေသများတွင် နေထိုင်သူများကို ဒုက္ခမပေးနိုင်သော်လည်း ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည်စိမ့်ထွက်မှုပမာဏနှင့် ကမ္ဘာ့လေစီးကြောင်းတိုက်ခတ်ရွေ့လျားဦးတည်မှုတို့အပေါ် မူတည်ပြီး အနီးပတ်ဝန်းကျင်ဒေသများနှင့် ကီလိုမီတာရာဂဏန်းမျှသာ ဝေးကွာသောဒေသများရှိ လူတို့ကိုမူ ကျန်းမာရေးအရ လက်ငင်းဆိုးကျိုးများ၊ ထပ်ဆင့်ဆိုးကျိုးများ၊ ကာလရှည်ဆိုးကျိုးသင့်ရောက်မှုများကို ခံစားကြရစေပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကိုပါ ဖြစ်ပေါ်လာစေသည်။

အမေရိကန်နိုင်ငံတွင် ကင်ဆာရောဂါဝေဒနာခံစားနေရသူစုစုပေါင်း၏ သုည ဒသမ ၀၁ ရာခိုင်နှုန်းသည် နျူကလီးယားဓာတ်ပေါင်းဖိုများမှ စိမ့်ထွက်ပျံ့နှံ့လာသော အန္တရာယ်ရှိအဆင့် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ရောက်မှုများကြောင့်ဖြစ်ကြရကြောင်း သုတေသနပြုတွေ့ရှိရသည်။

ထို့ကြောင့်ပင် ကမ္ဘာ့ဒေသနိုင်ငံတစ်ခုခု၌ နျူကလီးယားမတော်တဆမှု တစ်ကြိမ်ဖြစ်ပေါ်ပြီးတိုင်း နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေကြသော လုပ်ငန်းစဉ်များအပေါ် ကန့်ကွက်ဆန္ဒပြခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းများကို အချိန်အတိုင်းအတာတစ်ရပ်ထိ ဆိုင်းငံ့ထားခြင်း၊ နျူကလီးယားမတော်တဆမှု၏အကျိုးဆက်များကို စောင့်ကြည့်လေ့လာသုတေသနပြုခြင်း၊ ကာလရှည်အကျိုးဆက်များကို ခန့်မှန်းတွက်ချက်ခြင်းစသော လုပ်ဆောင်ချက်အများအပြား ထွက်ပေါ်လာလေ့ရှိသည်။

ဂျပန်နိုင်ငံ တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီပိုင် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်ပေါင်းဖိုများ မတော်တဆဖြစ်ပွားမှုကိုအကြောင်းပြု၍ ဂျာမနီနိုင်ငံ အကြီးအကဲ အိန်ဂျယ်လာမာကယ်လ်၏ အစိုးရအဖွဲ့က ဂျာမနီနိုင်ငံရှိ နျူကလီးယားဓာတ်အားပေးစက်ရုံ ၁၇ ရုံအနက် သက်တမ်းကြာမြင့်နေပြီဖြစ်သော နျူကလီးယားဓာတ်အားပေးစက်ရုံ ခုနစ်ရုံ၏ လုပ်ငန်းလည်ပတ်မှုများကို ချက်ချင်းဆိုသလို ရပ်ဆိုင်းခဲ့သည်။

အလားတူပင် ဆွစ်ဇာလန်နိုင်ငံနှင့် အီတလီနိုင်ငံ အစိုးရတို့ကလည်း ၎င်းတို့၏နိုင်ငံများတွင် ထပ်မံတိုးချဲ့တည်ဆောက်ရန်လျာထားသည့် နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ကြသည်။ တရုတ်နိုင်ငံကမူ လည်ပတ်နေဆဲဖြစ်သော နျူကလီးယားဓာတ်အားပေးစက်ရုံများကို ရပ်ဆိုင်းခြင်းလည်းမရှိ၊ ထပ်မံတည်ဆောက်မည့် နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းများကို ဆိုင်းငံ့ခြင်းလည်းမရှိဘဲ မူလအစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်လျက်ရှိသည့်တိုင် နျူကလီးယားမတော်တဆမှုများဖြစ်ပွားမလာစေရေးအတွက်ကိုမူ အထူးသတိထား၍ ကြပ်ကြပ်မတ်မတ် လုပ်ဆောင်ခဲ့သည်။

ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည်စိမ့်ထွက်ပျံ့နှံ့မှုကြောင့်ဖြစ်စေ၊ နျူကလီးယားမတော်တဆမှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဓာတ်ပေါင်းဖိုပေါက်ကွဲမှုကြောင့်ဖြစ်စေ၊ နျူကလီးယားဗုံးဒဏ်သင့်ခြင်းကြောင့်ဖြစ်စေ၊ ရေဒီယိုသတ္တိကြွရောင်ခြည်ကိုအသုံးပြုသည့် လုပ်ငန်းခွင်နှင့် ဆက်စပ်ပတ်သက်ခဲ့မှုကြောင့်ဖြစ်စေ လူတို့၏ ခန္ဓာကိုယ်ပေါ်သို့ အဏုမြူရောင်ခြည်များ ကျရောက်ထိတွေ့လာနိုင်သည်။

အကယ်၍ လူ့ခန္ဓာကိုယ်တစ်ခုလုံးသည် မြင့်မားသောအဏုမြူရောင်ခြည်နှင့်ထိတွေ့မိပါက ရက်သတ္တပတ်အတွင်း အသက်ဆုံးရှုံးသွားနိုင်သည်။ ခန္ဓာကိုယ်၏အစိတ်အပိုင်း အနည်းငယ်မျှလောက်သာလျှင် မြင့်မားသော အဏုမြူရောင်ခြည်နှင့် ထိတွေ့မိပါက အချိန်တိုအတွင်း အသက်ဆုံးရှုံးမှုမဖြစ်နိုင်ပေ။ သို့ရာတွင် အခြားသောသက်ရောက်မှုအများအပြား ဖြစ်ပေါ်လာနိုင်သည်။

လူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းတချို့သည် မြင့်မားသောအဏုမြူရောင်ခြည်နှင့် ထိတွေ့မိခဲ့လျှင် ရက်သတ္တပတ်အနည်းငယ်အတွင်း ခန္ဓာကိုယ်၏အရေပြားများ နီရဲလာလိမ့်မည်ဖြစ်သည်။ အဏုမြူရောင်ခြည်အဆင့် ပို၍မြင့်မားလေ ခံစားရသောဝေဒနာမှာ ပို၍ပြင်းထန်လေဖြစ်သည်။ အကယ်၍ အဏုမြူရောင်ခြည်သင့်ရောက်မှုသည် မျိုးဥအိမ်များကို ထိခိုက်သွားမည်ဆိုပါက မျိုးမအောင်ခြင်းကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်သည်။

လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများသည် ရေဒီယိုသတ္တိကြွအဏုမြူရောင်ခြည်သင့်ရောက်မှုကို ထောင့်တိုင်းစက်ဝိုင်းခြမ်းပုံသဏ္ဌာန်ဖြင့် လက်ခံရရှိခဲ့ပါက ရောင်ခြည်သင့်လက္ခဏာများကို ချက်ချင်းတွေ့မြင်ရမည်မဟုတ်ပေ။ နှစ်ကာလအလွန်ကြာမြင့်မှသာ သို့တည်းမဟုတ် သားစဉ်မြေးဆက် လက်ထက်ရောက်မှသာလျှင် အဏုမြူရောင်ခြည်သင့်ရောဂါလက္ခဏာများ ပြန်လည်ဖြစ်ပေါ်လာနိုင်သည်။

အဏုမြူရောင်ခြည်သင့်မှုခံရခြင်း၏ အဓိကသက်ရောက်မှုကြီးမှာ ကင်ဆာရောဂါဖြစ်ပွားလာနိုင်ခြင်းပင်ဖြစ်သည်။ ကင်ဆာရောဂါဟူသည်မှာ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ အသင့်စားနိုင်သည့် ထုပ်ပိုးအစားအစာများကို အလွန်အကျွံစားသောက်ခြင်း စသည်တို့ကြောင့်လည်း ဖြစ်ပွားနိုင်ခြေရှိသောရောဂါမျိုးဖြစ်သည်။

သို့ရာတွင် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ခံရသောလူအုပ်စုနှင့် ရောင်ခြည်သင့်ရောက်မှုကို မခံရသော လူအုပ်စုနှစ်စုကို နှစ်ကာလအတန်ကြာ စောင့်ကြည့်လေ့လာသုတေသနပြုသည့်အခါ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ခံရသော လူအုပ်စုတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ပိုမိုများပြားသည်ကို တွေ့ရှိရသည်။

ကင်ဆာရောဂါဝေဒနာတိုင်းသည် လူတို့ကို အသက်ဆုံးရှုံးစေမည်မဟုတ်ပေ။ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်မှုကြောင့်ဖြစ်ရသော သိုင်းရွိုက်ကင်ဆာ၏ သေဆုံးမှုနှုန်းမှာ ငါးရာခိုင်နှုန်းဖြစ်သော်လည်း ရင်သားကင်ဆာ၏ သေဆုံးမှုနှုန်းကမူ ၅၀ ရာခိုင်နှုန်းထိ ဖြစ်သည်။ ခန္ဓာကိုယ်တစ်ခုလုံး ရောင်ခြည်သင့်ခံရသူက သေစေနိုင်လောက်သော ကင်ဆာရောဂါဖြစ်နိုင်ခြေ သုံးဆပို၍ များသည်။

သုတေသနပညာရှင်များသည် ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့မှ အဏုမြူဗုံးဒဏ်ကြောင့် မသေဘဲလွတ်မြောက်လာသူများကို လေ့လာသုတေသနပြုခဲ့ကြသည်။ အလားတူပင် အကြောင်းအမျိုးမျိုးကြောင့် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ခံရသော လူနာများ၊ ယူရေနီယမ်သတ္တုမိုင်း အလုပ်သမားများကိုလည်း သုတေသနပြုလုပ်ခဲ့ကြသည်။

အဏုမြူရောင်ခြည်သင့်ရောက်မှု၏ အကျိုးဆက်များကို လေ့လာသုတေသနပြုခဲ့သော ကုလသမဂ္ဂ သိပ္ပံဆိုင်ရာကော်မတီ (United Nations Scientific Committee on Effects of Atomic Radiation) က ၁၉၇၇ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံသို့တင်သွင်းသော အစီရင်ခံစာထဲ၌ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ခံရမှုကြောင့် ဖြစ်ရသော သွေးကင်ဆာရောဂါဖြစ်ပွားမှု အခြေအနေများကို ဖော်ပြခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် အဏုမြူရောင်ခြည်သင့်ရောက်မှုပမာဏအပေါ် မူတည်ပြီး သွေးကင်ဆာဖြစ်ပွားမှုအခြေအနေ၊ အများဆုံးအသက်ရှင်ရပ်တည်နိုင်မည့်ကာလနှင့် သေဆုံးမှုနှုန်းတို့ကို ထည့်သွင်းထုတ်ပြန်ထားသည်။

အဏုမြူရောင်ခြည်သင့်ခံရမှုကြောင့် စောစီးစွာလက္ခဏာမပြဘဲ အချိန်ကာလကြာမြင့်လာမှပေါ်ပေါက်လာတတ်သောရောဂါတစ်မျိုးမှာ မျိုးဗီဇထိခိုက်မှုဖြစ်ကြောင်းကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ထိုသို့ဖြစ်စေနိုင်သော အခြေခံအကြောင်းရင်းမှာ မျိုးပွားအင်္ဂါကို အဏုမြူရောင်ခြည်သင့်မှုကြောင့်ဖြစ်ပြီး ရောင်ခြည်သင့်ခံရသည့်ပမာဏအပေါ် မူတည်ကာ သန္ဓေသား၏ မျိုးဗီဇပြောင်းလဲသွားနိုင်ခြင်းပင်ဖြစ်သည်။

အမိဝမ်းတွင်း၌နေရသော သန္ဓေသားဘဝ၌ အဏုမြူရောင်ခြည်သင့်ခံရပါကလည်း သန္ဓေသား၏ ဖွံ့ဖြိုးမှုအပေါ် ထိခိုက်မှုများစွာ ဖြစ်လာနိုင်သည်။ အဏုမြူရောင်ခြည်သည် သန္ဓေသား၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများပေါ်သို့ ကျရောက်ပါက ဦးခေါင်းခွံအရွယ်အစားမမှန်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းခြင်းများဖြစ်ပေါ်လာနိုင်သည်။ ထို့ပြင် အမိဝမ်းမှ ကျွတ်၍ ကလေးငယ်ဘဝသို့ရောက်ရှိလာသည့်အခါတွင်လည်း လူမမည်အရွယ်ကတည်းကပင် ကင်ဆာရောဂါဝေဒနာကို ခံစားရနိုင်ခြေရှိသည်။

အဆိုပါကလေးငယ်များမှာ ပုံမှန်မွေးဖွားလာသောကလေးငယ်များထက် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ နှစ်ဆပိုမိုသည်။ ထို့ကြောင့်ပင် ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် ဓာတ်မှန်ရိုက်ခြင်းကို ရှောင်ကြဉ်ကြရန်လိုအပ်ခြင်းဖြစ်သည်။ အလားတူပင် ရေဒီယိုသတ္တိကြွရောင်ခြည်နှင့် ဆက်စပ်ပတ်သက်နေသော လုပ်ငန်းခွင်ရှိ အလုပ်သမားများသည်လည်း ကိုယ်ဝန်ရှိလာသည့်အချိန်တွင် လုပ်ငန်းခွင်နှင့်လွတ်ကင်းရာတွင်သာ နေထိုင်သွားကြခြင်းအားဖြင့် မိမိ၏သန္ဓေသား အဏုမြူရောင်ခြည်သင့်ခံရမှုကို ကြိုတင်ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။

အင်္ဂလန်နိုင်ငံတွင် အဏုမြူရောင်ခြည်သင့်မှုခံထားရသည့်အလုပ်သမားများကို မှတ်ပုံတင်ထားပြီး ရောင်ခြည်သင့်ရောက်မှုကို ပုံမှန်တိုင်းတာသော ဌာနတစ်ခုကို ဖွင့်လှစ်ပေးထားသည်။ အဆိုပါဌာနသည် မှတ်ပုံတင်ထားသော စောင့်ကြည့်ခံရသည့် အလုပ်သမားများ၏ ကင်ဆာဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းများကို စဉ်ဆက်မပြတ်စစ်တမ်းကောက်ယူ၍ မှတ်တမ်းတင်ထားရသည်။

အင်္ဂလန်နိုင်ငံသားများ သေဆုံးမှုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းမှာ ကင်ဆာရောဂါဝေဒနာကြောင့် ဖြစ်ရသည့်အတွက် ကင်ဆာကြောင့် သေဆုံးရသူများထဲတွင် အဏုမြူရောင်ခြည်သင့်ရောက်မှုကြောင့်ဖြစ်ရသော ကင်ဆာရောဂါဝေဒနာရှင် မည်ရွေ့မည်မျှပါဝင်နေကြောင်းကို အဆိုပါဌာန၏အကူအညီဖြင့်ဖော်ထုတ်ကြရသည်။

၁၉၈၆ ခုနှစ်က ချာနိုဘိုင်းလ် နျူကလီးယားဓာတ်ပေါင်းဖိုကြီးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရက်သတ္တပတ်အတွင်း သေဆုံးခဲ့ရသူများနှင့် ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်ပေါင်းဖိုမတော်တဆမှုဖြစ်ပွားပြီးနောက် ရက်သတ္တပတ်အတွင်း သေဆုံးခဲ့ကြရသူများသည် ခန္ဓာကိုယ်တစ်ခုလုံးသို့ မြင့်မားသောရေဒီယိုသတ္တိကြွရောင်ခြည်များသင့်ရောက်မှုကို ခံခဲ့ကြရသောကြောင့်ဖြစ်သည်။

ချာနိုဘိုင်းလ်ဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ရသည့်ကာလနောက်ပိုင်းတွင် ဓာတ်ရောင်ခြည်ပျံ့နှံ့ရာဒေသများ၌ လည်ပင်းသိုင်းရွိုက်ကင်ဆာရောဂါ၊ သွေးကင်ဆာရောဂါနှင့်ဆက်စပ်ဖြစ်ပွားသော ကင်ဆာရောဂါဝေဒနာများကို ခံစားခဲ့ကြရသည့် လူပေါင်း ၁၀၀၀၀၀ ကျော်တို့ကမူ ခန္ဓာကိုယ်၏အစိတ်အပိုင်းတချို့၌သာ ရောင်ခြည်သင့်ရောက်မှုခံခဲ့ကြရသူများဖြစ်ကြသည်။

❖ ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည် စိမ့်ထွက်ပျံ့နှံ့မှုကြောင့်ဖြစ်စေ၊ နျူကလီးယားမတော်တဆမှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဓာတ်ပေါင်းဖိုပေါက်ကွဲမှုကြောင့်ဖြစ်စေ၊ နျူကလီးယားဗုံးဒဏ်သင့်ခြင်းကြောင့်ဖြစ်စေ၊ ရေဒီယိုသတ္တိကြွရောင်ခြည်ကိုအသုံးပြုသည့်လုပ်ငန်းခွင်နှင့် ဆက်စပ်ပတ်သက်ခဲ့မှုကြောင့်ဖြစ်စေ လူတို့၏ခန္ဓာကိုယ်ပေါ်သို့ အဏုမြူရောင်ခြည်များကျရောက်ထိတွေ့လာနိုင်သည်။ အကယ်၍ လူ့ခန္ဓာကိုယ်တစ်ခုလုံးသည် မြင့်မားသောအဏုမြူရောင်ခြည်နှင့်ထိတွေ့မိပါက ရက်သတ္တပတ်အတွင်း အသက်ဆုံးရှုံးသွားနိုင်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၀၂၁ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၀၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၀၂၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၀၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၀၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၅၀၂၁ ဧက စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီစတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)



# နတ်မောက်မြို့နယ် ကုန်းဇောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ကုန်းဇောင်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုန်းဇောင်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၆ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ငွေကျပ် ၃၅ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကျေးရွာပေါင်း ၄၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။ **သူသူ(နတ်မောက်)**

## ပြည်ထောင်စု အောင်လံ

\- ကြိုးပမ်းသည်တည့် ကြိုးပမ်းသည်၊
မျိုးဂုဏ်ရည် သမိုင်းကြောင်းကိုဖြင့်
သွန်းလောင်းပုံတည်၊
တစ်စိတ်တစ်ဝမ်း တွဲလက်ညီ
ပီပါပေ့ မြန်ပြည်ဖွား၊
ကိုယ့်နိုင်ငံ ကိုယ့်အရေး
(အို. . .)
ကြံတွေးစိတ်များ။

\- ချီကြသည်တည့် ချီကြသည်၊
ယုံကြည်ရာ အားသွန်ထမ်းလို့
ကြိုးပမ်းကိုယ်စီ၊
ရဲသွေးကြွ ရဲမာန်တည်
အောင်ပွဲဆီ မျှော်ရည်မှန်း၊
မြို့ပင်လုံ မောမြေမြင့်မှာလ
(သွေးချင်းပန်းတွေက. . .)
ထူးတင့်ပွင့်လန်း။

\- ညီခဲ့သည်တည့် ညီခဲ့သည်၊
ပင်လုံမြေ သာစခန်းမှာလ
အောင်ပန်းဝေစည်၊
တို့သွေးချင်း တိုင်းရင်းပီပီ
ဦးတည်ခဲ့ လွတ်လပ်ရေး၊
ညီနောင်တစ်တွေ
ပြည်ထောင်မြေ အခြေမြဲအောင်ပ
(အားသစ်လောင်းလို့လေ. . .)
နွှဲခဲ့ကြသေး။

\- ဝေစည်သည်တည့် ဝေစည်သည်၊
မျိုးချစ်တွေ ဂဟေစွဲလို့
တွဲလက်ခိုင်ကြည်၊
ပင်လုံမြေနန်း မော်ကွန်းတည်
ဖေဖော်ဝါရီ ဆယ့်နှစ်ရက်၊
ပြည်ထောင်ကို တည်ထောင်ပြုလို့
ညီနောင်စုတို့ အားသစ်ဖြာ
ထားသစ္စာ သည်တစ်နေ့ကိုလ
(လွတ်လပ်ခြင်းနဲ့ အတူလေ)
မမေ့တစ်သက်။ ။

**မောင်ရင်အေး(ပတ္တမြားမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## အရှေ့အလယ်ပိုင်းနိုင်ငံများ၏စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းမျှော်လင့်ထားသည်ထက် နည်းပါး

**ဒူဘိုင်း ဖေဖော်ဝါရီ ၁၂**

ရေနံထုတ်လုပ်မှုလျှော့ချထားခြင်းနှင့် အစ္စရေးဟားမတ်စ်စစ်ရေးပဋိပက္ခတို့ကြောင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ မျှော်လင့်ထားသည်ထက် ပိုမိုနည်းပါးနေကြောင်းနိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ဖေဖော်ဝါရီ ၁၁ရက်တွင် ခန့်မှန်းခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့၌ ကျင်းပသောအာရပ်နိုင်ငံများဘဏ္ဍာရေးဖိုရမ်တွင် အိုင်အမ်အက်ဖ်၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

မသေချာမှုများရှိနေသည့်တိုင် ကမ္ဘာ့စီးပွားရေးမှာ အံ့အားသင့်ဖွယ် ပြန်လည် ဦးမော့လာကြောင်း၊ သို့သော် ရေနံထုတ်လုပ်မှုလျှော့ချထားခြင်းနှင့် ဂါဇာစစ်ပွဲတို့ကြောင့် အရှေ့အလယ်ပိုင်း ဒေသတွင်း နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုများမှာ နှေးကွေးနေကြောင်း အိုင်အမ်အက်ဖ်ဥက္ကဋ္ဌ ခရစ္စတာလီနာ ဂျော်ဂျီဗာက ပြောကြားခဲ့သည်။

အိုင်အမ်အက်ဖ်သည် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတို့၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ပြီးခဲ့သည့်လအတွင်း ပြင်ဆင်သတ်မှတ်ခဲ့ပြီး ၂ ဒသမ ၉ ရာခိုင်နှုန်းထိသာရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

သို့သော် ယခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို အိုင်အမ်အက်ဖ်က မြှင့်တင်ခန့်မှန်းထားသည်။

ကမ္ဘာပေါ်၌ စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံ နှစ်နိုင်ငံဖြစ်သော တရုတ်နှင့်အမေရိကန်နိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အလားအလာကောင်းများကြောင့် ယခုနှစ်ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မြှင့်တင်ခန့်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကုလသမဂ္ဂအကူအညီပေးရေးမစ်ရှင်ကို ဆီးရီးယားအစိုးရသက်တမ်းသုံးလထပ်တိုး



**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၂**

ကုလသမဂ္ဂအနေဖြင့်အတိုက်အခံများထိန်းချုပ်ထားသော ဆီးရီးယားအနောက်မြောက်ပိုင်းသို့ တူကီယဲနယ်စပ်မှတစ်ဆင့် အကူအညီများပေးပို့ခွင့်ကို ဆီးရီးယားအစိုးရက သက်တမ်းသုံးလ ထပ်တိုးပေးထားကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

၂၀၂၃ခုနှစ်ဖေဖော်ဝါရီလအတွင်း အင်အားပြင်းမြေငလျင် လှုပ်ခတ်ခဲ့မှုကြောင့် တူကီယဲနှင့်ဆီးရီးယားနိုင်ငံတို့၌ လူပေါင်း၅၀၀၀၀ကျော်သေဆုံးခဲ့ရပြီးနောက် ဆီးရီးယားအစိုးရသည် တူကီယဲနယ်စပ်မှ တစ်ဆင့်အတိုက်အခံများ ထိန်းချုပ်ထားသည့် နယ်မြေများသို့သုံးလကြာအကူအညီများ ပေးပို့ခွင့်ပြုခဲ့သည်။

လက်ရှိအချိန်တွင် ဆီးရီးယားအစိုးရအနေဖြင့် ကုလသမဂ္ဂ၏ အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်ကို ၂၀၂၄ ခုနှစ် မေ ၁၃ ရက်ထိ သက်တမ်းထပ်တိုးပေးထားကြောင်း ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး ကောက်ဆေးအယ်လ်ဒါဟက်ခ်က လူမှုမီဒီယာပေါ်၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် အတည်ပြုထားသည်။

ဆီးရီးယားအစိုးရသည်ကုလသမဂ္ဂ၏အကူအညီပေးရေးလုပ်ငန်းစဉ်များအတွက် စတုတ္ထအကြိမ်အဖြစ် သက်တမ်းတိုးပေးခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂသည်လုံခြုံရေးကောင်စီခွင့်ပြုချက်အရ ဆီးရီးယားအနောက်မြောက်ပိုင်းမှဒုက္ခသည်များထံ၂၀၁၄ ခုနှစ်မှစ၍ တူကီယဲနယ်စပ်ဝင်ပေါက်များကိုအသုံးပြု၍ ပေးအပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဆွီဒင်နိုင်ငံ အနောက်ပိုင်း ဂိုသင်ဘာ့ဂ်မြို့ရှိ ကစားကွင်းပန်းခြံတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

**စတော့ဟုမ်း ဖေဖော်ဝါရီ ၁၂**

ဆွီဒင်နိုင်ငံ အနောက်ပိုင်း ဂိုသင်ဘာ့ဂ်မြို့ရှိ ကစားကွင်းပန်းခြံတစ်ခု၌ယနေ့တွင် မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။



အဆိုပါ မီးလောင်ကျွမ်းမှုသည် တည်ဆောက်ဆဲရေလွှာလျှောစီးစင်များနှင့် ဆက်စပ်အဆောက်အအုံများ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကစားကွင်းပန်းခြံ မီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိခဲ့သော်လည်း မီးခိုးငွေ့အန္တရာယ်ကိုရှောင်ရှားရေးအတွက် ပန်းခြံဝန်းကျင်ရှိ ပြည်သူများအနေဖြင့် နေအိမ်များအတွင်းမှာပင် တံခါးများပိတ်၍ နေပေးကြရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။

ကစားကွင်းပန်းခြံ မီးလောင်ကျွမ်းမှုသည် ရေလွှာလျှောစီးစင်တစ်ခုတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆက်စပ်ပင်မအဆောက်အအုံကိုပါ ကူးစက်ခဲ့ကြောင်း ဆွီဒင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် အိုရှင်နာဝါးတားပတ်ခ် အမည်ရှိ အဆိုပါကစားကွင်း ပန်းခြံတွင်း၌ မည်သည့်ဧည့်သည်မျှ မရှိခဲ့ကြောင်း သိရသည်။

သို့သော် ကစားကွင်းပန်းခြံအနီးရှိ ဟိုတယ်တစ်လုံးမှဧည့်သည်များကိုမူ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆွီဒင်တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ခေါ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကောက်ပဲသီးနှံဈေးကောင်းရရေး အစိုးရကိုတောင်းဆိုရန် အိန္ဒိယလယ်သမားများ နယူးဒေလီမြို့သို့ ချီတက်

**ဒေလီ ဖေဖော်ဝါရီ ၁၂**

ကောက်ပဲသီးနှံများဈေးကောင်းရရန် အစိုးရကိုတောင်းဆိုရေးအတွက် နယူးဒေလီမြို့သို့ချီတက်လာသည့် အိန္ဒိယလယ်သမားများကို တားဆီးရန် အိန္ဒိယရဲတပ်ဖွဲ့က ယနေ့တွင် ဒေလီမြို့တွင်းသို့ ဝင်ရောက်၍ အဝေးပြေးလမ်းများကို ပိတ်ဆို့နေကြောင်း သိရသည်။

၂၀၂၁ ခုနှစ်အတွင်း ပေးထားသည့် ကတိကဝတ်များအတိုင်း အိန္ဒိယအစိုးရအနေဖြင့် ကောက်ပဲသီးနှံဈေးနှုန်းများ မြှင့်တင်ပေးရန် လယ်သမားများက တောင်းဆိုလျက်ရှိသည်။

လက်ရှိအချိန်တွင် အနယ်နယ်အရပ်ရပ်မှ လယ်သမားများသည် နယူးဒေလီမြို့ဆီသို့ ချီတက်လာပြီဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် လယ်သမားများ၏ နှစ်လုံးပေါက်ဆန္ဒပြပွဲမျိုး ပေါ်ထွက်လာမည့်အရေးကိုရှောင်ရှားရန် အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများက လယ်သမားသမဂ္ဂခေါင်းဆောင်များနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံ၌ အမျိုးသားရွေးကောက်ပွဲများမကျင်းပမီ လအနည်းငယ်အလိုတွင် ဆန္ဒပြလယ်သမားများ နယူးဒေလီမြို့သို့ချီတက်လာခြင်းဖြစ်သည်။

သန်းပေါင်းများစွာသော အိန္ဒိယလယ်သမားများသည် ဩဇာကြီးမားသည့် မဲဆန္ဒရှင်အင်အားစုဖြစ်ရာ လက်ရှိ အာဏာရပါတီများအနေဖြင့် လယ်သမားများ၏ထောက်ခံမှုကို ရယူထားနိုင်ရန်လိုအပ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**




## ဂါဇာကမ်းမြောင်၌ ဖမ်းဆီးခံထားရသော ဓားစာခံနှစ်ဦးကို အထူးစစ်ဆင်ရေးဖြင့် အစ္စရေးတပ်များကယ်ထုတ်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

အစ္စရေး တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများကို အကာအကွယ်ယူ၍ အထူးစစ်ဆင်ရေးတစ်ခုဆင်နွှဲခဲ့ပြီး ဂါဇာကမ်းမြောင်၌ ဖမ်းဆီးခံထားရသည့် ဓားစာခံနှစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အထူးစစ်ဆင်ရေးကို အစ္စရေးစစ်ဘက်၊ ရှင်ဘက်ထောက်လှမ်းရေးအဖွဲ့နှင့် အထူးရဲတပ်ဖွဲ့တို့ ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စစ်ဆင်ရေးအတွင်း ဖာနန်ဒို ဆိုင်မွန်မာမင်းအမည်ရှိ အသက် ၆၀အရွယ်အမျိုးသားနှင့် လူးဝစ် ဟာရီအမည်ရှိ အသက် ၇၀ အရွယ်အမျိုးသားတစ်ဦးတို့ကို ဓားစာခံအဖြစ်မှ ကယ်ထုတ်နိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့သည်။

သို့သော် အစ္စရေး၏စစ်ဆင်ရေးအတွင်း ဓားစာခံနှစ်ဦး လွတ်မြောက်သွားသော်လည်း ပါလက်စတိုင်းလူမျိုး ၆၇ ဦး သေဆုံး၍ အများအပြား ဒဏ်ရာများရရှိခဲ့သည်ဟု ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ရာဖာမြို့သည် အစ္စရေးနှင့် ဟားမတ်စ်စစ်ပွဲကြောင့် ဒုက္ခသည်ဘဝရောက်ခဲ့ရသော ဂါဇာဒေသမှ ပါလက်စတိုင်းလူမျိုးတစ်သန်းခန့်၏ နောက်ဆုံးခိုလှုံရာနေရာဖြစ်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များ ယနေ့တွင်ကယ်ထုတ်ခဲ့သော ဓားစာခံအမျိုးသားနှစ်ဦးမှာ ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်က တိုက်ခိုက်ခဲ့စဉ် စုပေါင်းလယ်ယာမြေစခန်းတစ်ခု၌ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## လေဟာနယ်ထဲ၌ အလိုအလျောက်မျောလွင့်နေနိုင်သော ငွေဒင်္ဂါးတစ်မျိုးကို ပိုလန်အစိုးရ ဒင်္ဂါးသွန်းရုံမှ ကျွမ်းကျင်သူများက ဖန်တီးနိုင်ခဲ့



**ဝါဆော ဖေဖော်ဝါရီ ၁၂**

လေဟာနယ်ထဲ၌ အလိုအလျောက် မျောလွင့်နေနိုင်သော ငွေဒင်္ဂါးတစ်မျိုးကို ပိုလန်အစိုးရ ဒင်္ဂါးသွန်းရုံမှ ကျွမ်းကျင်သူများက ဖန်တီးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

UFO MP-1176 ဟူ၍ အမည်ပေးထားသည့် အဆိုပါငွေဒင်္ဂါးကို ပိုလန်ကျွမ်းကျင်သူများက ငွေသား ခုနစ်အောင်စဖြင့် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

UFO MP-1176 ငွေဒင်္ဂါး၏ အတွင်းပိုင်းတွင် လျှပ်စစ်သံလိုက်စက်ကွင်းထုတ်ပေးနိုင်သည့် မော်တာငယ်တစ်လုံး တပ်ဆင်ထားရာ ပေါ်ထွက်လာသည့် သံလိုက်စက်ကွင်းအကူအညီဖြင့် လေဟာနယ်အတွင်း အလိုအလျောက်မျောလွင့်နေနိုင်ကြောင်း သိရသည်။

ထို့ပြင် ခရမ်းလွန်ရောင်ခြည်ပေးထားသော အဏုမြူရောင်ဆေးများကြောင့် UFO MP-1176 ငွေဒင်္ဂါးမှာ အမှောင်ထဲတွင် အလင်းရောင်ထုတ်ပေးနိုင်ကြောင်း ပိုလန်ကျွမ်းကျင်သူများက ပြောကြားသည်။

ပိုလန် ကျွမ်းကျင်သူများသည် UFO MP-1176 ငွေဒင်္ဂါးကို ကင်မရွန်းဝဟိုဘက်၏ မှာကြားချက်အရ ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

UFO MP-1176 ငွေဒင်္ဂါးကို တရားဝင်ငွေကြေးစနစ်အဖြစ်လည်း အသုံးပြုနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဘန်နူးဂြိုဟ်သိမ်က သမုဒ္ဒရာများပိုင်ဆိုင်ထားသောဂြိုဟ်တစ်စင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

ဘန်နူးအမည်ရှိဂြိုဟ်သိမ်သည် သမုဒ္ဒရာများ ပိုင်ဆိုင်ထားသော ဂြိုဟ်တစ်စင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နိုင်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

ဘန်နူးဂြိုဟ်သိမ်မှ ရယူထားနိုင်ခဲ့သည့် နမူနာမြေစာများကို လေ့လာချက်အရ အဆိုပါဂြိုဟ်သိမ်သည် တစ်ချိန်သောအခါက ရေဓာတ်ကြွယ်ဝသည့် ဂြိုဟ်တစ်စင်း၏ အစိတ်အပိုင်းဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘန်နူးဂြိုဟ်သိမ် နမူနာမြေစာများထဲတွင် ဖော့စဖရက်ဓာတ် အမြောက်အမြားပါဝင်နေကြောင်း သိရသည်။

ဖော့စဖရက်ဓာတ်သည် ဂြိုဟ်မျက်နှာပြင်ပေါ်တွင် ရေအမြောက်အမြားရှိနေသော သို့မဟုတ် လေထုလွှာအတွင်း ရေဓာတ်အမြောက်အမြားရှိနေသော ဂြိုဟ်များ၌ အတွေ့ရများသည့် ဓာတ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

ဘန်နူးဂြိုဟ်သိမ်၏ နမူနာမြေစာများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီက လွှတ်တင်ခဲ့သည့် အောစီးရစ်ရက်စ် အာကာသယာဉ်က ရယူပေးထားခြင်းဖြစ်ကြောင်း သိရသည်။



ဘန်နူးဂြိုဟ်သိမ်သည် နေအဖွဲ့အစည်း စတင်ဖြစ်ပေါ်ချိန်ကပင် ရှိခဲ့သည့် ဂြိုဟ်သိမ်တစ်စင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်နိုင်ငံကတည်ဆောက်မည့် ဂြိုဟ်သစ်ရှာဖွေရေးရေဒီယိုတယ်လီစကုပ်က ၂၀၂၆ ခုနှစ်တွင် စူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်နိုင်ဖွယ်ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၁၂**

တရုတ်နိုင်ငံက တည်ဆောက်မည့် ဂြိုဟ်သစ်ရှာဖွေရေး ရေဒီယိုတယ်လီစကုပ်သည် ၂၀၂၆ ခုနှစ်တွင် စူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်နိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။



ကျောက်တန်တက္ကသိုလ် ရောင်စဉ်လိုင်း စူးစမ်းလေ့လာရေးရေဒီယိုတယ်လီစကုပ်အမည်ရှိ အဆိုပါဂြိုဟ်သစ်ရှာဖွေရေး ရေဒီယိုတယ်လီစကုပ်ကို ချင်းဟိုင်ပြည်နယ် လန်ဟူမြို့အနီး တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရေဒီယိုတယ်လီစကုပ်ကို ဂြိုဟ်သစ်များရှာဖွေရေးအပြင် အာကာသစူးစမ်းလေ့လာရေး နယ်ပယ်အမျိုးမျိုးအတွက် အထောက်အကူပြုနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျောက်တန်တက္ကသိုလ် ရောင်စဉ်လိုင်းစူးစမ်းလေ့လာရေး ရေဒီယိုတယ်လီစကုပ်က ရောင်စဉ်လိုင်း စူးစမ်းလေ့လာရေးလုပ်ငန်း အများအပြားကို တစ်ချိန်တည်းပြုလုပ်နိုင်စွမ်းရှိကြောင်း သိရသည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ် တည်ဆောက်ရေးလုပ်ငန်းမှာ ၂၀၂၆ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## နေ့မစေ့လမစေ့ကလေးမွေးဖွားမှုများက ပလတ်စတစ်ဓာတုပစ္စည်းများနှင့် ဆက်စပ်နေ

**နယူးယောက် ဖေဖော်ဝါရီ ၁၂**

နေ့မစေ့လမစေ့ ကလေးမွေးဖွားမှုများသည် ပလတ်စတစ်တွင် ပါဝင်သည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်နေကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

ပလတ်စတစ်ထုတ်လုပ်ရာတွင် အသုံးပြုသည့် Phthalates ခေါ် ဓာတုပစ္စည်းများနှင့်နေ့စဉ်ထိတွေ့မှုသည် ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော နေ့မစေ့လမစေ့ ကလေးမွေးဖွားမှု ၅၆၀၀၀ ခန့်နှင့် ဆက်စပ်နေနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထိုကဲ့သို့ Phthalates ဓာတုပစ္စည်းနှင့် နေ့စဉ်ထိတွေ့မှုကြောင့် နေ့မစေ့လမစေ့ မွေးဖွားလာသည့် ကလေးများအတွက် ဘဝတစ်သက်တာကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံနှင့် ၈ ဒသမ ၁ ဘီလီယံကြား ရှိနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

နေ့မစေ့လမစေ့ မွေးဖွားလာသည့် ကလေးများအတွက် ဆေးဝါးနှင့် ဘဏ္ဍာရေးကုန်ကျစရိတ်များမှာ Phthalates ဓာတုပစ္စည်းနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမေရိကန်မိခင် ၅၀၀၀ ကျော်တို့၏ Phthalates ဓာတုပစ္စည်းများနှင့်ထိတွေ့မှု အတိုင်းအဆကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Phthalates ဓာတုပစ္စည်းများသည် ပလတ်စတစ်ပစ္စည်းများ ပျော့ပျောင်းမှု၊ ကြည်လင်မှုနှင့် ကြာရှည်ခံမှုတို့အတွက် ထည့်သွင်းအသုံးပြုသော ဓာတုပစ္စည်းများဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အမျိုးသား ပန်းသေပန်းညှိုးရောဂါရှိသူများ၌ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို ဗိုင်အာဂရာဆေးက လျှော့ချနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁၂**

ဗိုင်အာဂရာဆေးသည် အမျိုးသား ပန်းသေပန်းညှိုးရောဂါရှိသူများ၌ ဦးနှောက်ကျန်းမာရေးအတွက် အကျိုးပြုပြီး အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

ဗိုင်အာဂရာဆေး သုံးစွဲနေရသူ အမျိုးသားများတွင် ဦးနှောက်လှုပ်ရှားတုံ့ပြန်နိုင်စွမ်း မြင့်တက်လာပြီး အသက်ရလာချိန်တွင် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗိုင်အာဂရာဆေး၏ အာနိသင်သည် ဦးနှောက်အတွင်း ဝင်ရောက်နိုင်ပြီး မှတ်ဉာဏ်နှင့်ပတ်သက်သည့် ဆဲလ်အချက်ပြလှိုင်းများကို စေ့ဆော်ပေးနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ပန်းသေပန်းညှိုး ပြဿနာရှိနေသည့် အမျိုးသားပေါင်း ၂၆၉၂၂၅ ဦးတို့ကို အချိန်ယူလေ့လာစောင့်ကြည့်ခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ ဗိုင်အာဂရာဆေးသုံးစွဲသူများတွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ သိသိသာသာ ကျဆင်းနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**






# 2023 - 2024 Shan State Volleyball League

## ပြိုင်ပွဲ၊ ကလပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး ကျင်းပပြုလုပ်ပေးသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် 2023 - 2024 Shan State Volleyball League ပြိုင်ပွဲ၊ ကလပ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)မှတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)နှင့် (လွိုင်ကော်) ကျောင်းသား၊ ကျောင်းသူများ၊ သားဖွားသင်တန်း ကျောင်းမှ သင်တန်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ နောက်ဆုံးပွဲစဉ်နှင့် ကလပ်ပေါင်းစုံပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲများကျင်းပခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ကလပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆုရရှိခဲ့ကြသော အကောင်းဆုံး အားကစားသမားဆုများ၊ ပူးတွဲတတိယဆုရရှိခဲ့သော အသင်းများ၊ ဒုတိယဆုရရှိသော KG CLUB အသင်းနှင့် ပထမဆုရရှိခဲ့သော အောင်စည်ကလပ် အသင်းတို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ 2023 - 2024 Shan State Volleyball League ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော အကောင်းဆုံးအားကစားသမားဆုများ၊ နှစ်သိမ့် ၁ မှ ၅ ထိရရှိခဲ့ကြသော အသင်းများ၊ ရမှတ်(၆၄) မှတ်ဖြင့် တတိယဆုရရှိခဲ့သော ရွာမ-ကေလာအသင်း၊ ရမှတ်(၇၇) မှတ်ဖြင့် ဒုတိယဆုရရှိခဲ့သော ရွာသာ-တောင်ပို့ကြီး အသင်းတို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများအား လည်းကောင်း၊ ရမှတ်(၈၂)မှတ်ဖြင့် ပထမဆုရရှိခဲ့သော အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) အသင်းကို ငွေသားဆုနှင့်ဆင့်ပွားဆုဖလား၊ တံခွန်စိုက်ဆုဖလားကြီးတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**STA**

# ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် လုခ်ရှောကို လူစားလဲခဲ့ကြောင်း နည်းပြတန်ဟတ်ထုတ်ပြန်

**မန်ချက်စတာ ဖေဖော်ဝါရီ ၁၂**

မန်ယူအသင်းက အေဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမားလုခ်ရှောကို ပထမပိုင်းပွဲကစားချိန်အပြီးတွင် လူစားလဲခဲ့ခြင်းမှာ ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် ဖြစ်ကြောင်း နည်းပြတန်ဟတ်က ပြောကြားခဲ့သည်။

လုခ်ရှောသည် ယခုနှစ်ဘောလုံးရာသီအစပိုင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီးနောက် အသင်း၏ပွဲစဉ်အများအပြားကို လွဲချော်ခဲ့ကာ ယခုလအတွင်းမှသာ အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်ခဲ့ပြီး အေဗီလာအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ခွင့်ရခဲ့သော်လည်း ပထမပိုင်းပွဲကစားချိန်အတွင်း ကြံ့ခိုင်မှုအားနည်းချက်ရှိခဲ့သဖြင့် နည်းပြတန်ဟတ်က အသင်းဖော်ကစားသမား လင်ဒီလော့နှင့်လူစားခဲ့ပြီး လုခ်ရှောကို အနားပေးရန်ဆုံးဖြတ်ခဲ့သည်။

နည်းပြတန်ဟတ်က "လုခ်ရှောအနေနဲ့ အခုရာသီမှာ ဒဏ်ရာမကြာခဏရရှိနေတဲ့ ကစားသမားဖြစ်ပါတယ်။ ဒါကြောင့် ကြံ့ခိုင်မှုအားနည်းချက်ရှိနေတဲ့သူ့ကို ပထမပိုင်းပြီးတာနဲ့ လူစားလဲခဲ့တာပါ။ ကျွန်တော့်အနေနဲ့ သူ့ကိုစွန့်စားမှုလုပ်ပြီး အသုံးမပြုချင်ပါဘူး။ ဒီလိုလုပ်လိုက်လို့ သူ့ကိုကာလရှည်လက်လွှတ်ခဲ့ရရင် အသင်းအတွက် အကျိုးမရှိတာကြောင့် လူစားလဲမှုအစောဆုံးလုပ်ခဲ့တာပါ။ ကျွန်တော့်ရဲ့စိတ်ကို အသင်းရဲ့ကစားသမားတွေနားလည်ပါတယ်"ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခံစစ်ကစားသမားများကို ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရပြီး မာတီနက်ဇ်နှင့် မာလာစီယာတို့ကို ယခုချိန်ထိ လက်လွှတ်ခဲ့ရကာ လုခ်ရှောအနေဖြင့် ကြံ့ခိုင်မှုလိုအပ်ချက်ရှိနေသောကြောင့် လာမည့်ပွဲစဉ်တွင် ဘယ်တောင်ပံခံစစ်ပိုင်း၌ လင်ဒီလော့ကိုသာ ထည့်သွင်းအသုံးပြုရန် လျာထားကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ၂၀၂၃ အာဖရိကဖလားချန်ပီယံဆုဖလားကို အိမ်ရှင် အိုင်ဗရီကို့စ်အသင်းဆွတ်ခူး

**အဘစ်ဂျန် ဖေဖော်ဝါရီ ၁၂**

အာဖရိကဖလား ဗိုလ်လုပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းနှင့် အိမ်ရှင် အိုင်ဗရီကို့စ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ရာ အိုင်ဗရီကို့စ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ပြီး သမိုင်းတစ်လျှောက်တွင် သုံးကြိမ်မြောက် ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

အိုင်ဗရီကို့စ် အသင်းသည် အာဖရိကဖလားသမိုင်းတွင် ၁၉၉၂ ခုနှစ် ဆီနီဂေါနိုင်ငံတွင် ကျင်းပခဲ့သည့်ပြိုင်ပွဲနှင့် ၂၀၁၅ ခုနှစ်က အီကွေတိုရီရယ်နိုင်ငံတွင် ကျင်းပသည့်ပြိုင်ပွဲတို့၌ ဆုဖလားရရှိခဲ့ပြီးနောက် ဆုဖလားနှင့်ဝေးကွာခဲ့ရသော်လည်း ယခုအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အချိန်တွင် ဆုဖလားပြန်လည်ရယူနိုင်ခဲ့သဖြင့် အာဖရိကဖလား သုံးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် အိုင်ဗရီကို့စ်အသင်းသည် အုပ်စုပွဲစဉ်အတွင်း အဖွင့်ပွဲစဉ်တွင် ဂီနီယာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း နိုင်ဂျီးရီးယားအသင်းနှင့် အီကွေတိုရီရယ်အသင်းတို့ကို ရှုံးနိမ့်ခဲ့မှုကြောင့် နည်းပြဂါဆက်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး အသင်းအနေဖြင့် အကောင်းဆုံး တတိယနေရာဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့သော်လည်း ယာယီနည်းပြအဖြစ် ဖာရီကို ခန့်အပ်ခဲ့သည်။

၎င်းအနေဖြင့် ၁၆ သင်းရှုံးထွက်အဆင့်တွင် လက်ရှိချန်ပီယံဆီနီဂေါအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် မာလီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် ကွန်ဂိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ကာ အုပ်စုတွင်းပြိုင်ဘက်ဖြစ်သည့် နိုင်ဂျီးရီးယားအသင်းနှင့် တွေ့ဆုံခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုကိုရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းက ရလဒ်ပိုင်းကျဆင်းနေသည့် နည်းပြမိုယက်စ်ကို ထုတ်ပယ်ရန်ဆန္ဒရှိနေပြီး ချဲလ်ဆီးအသင်းနည်းပြဟောင်း ဂရာဟမ်ပေါ်တာကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- အေဗီလာအသင်းနှင့်ကစားခဲ့သည့် ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ချဲလ်ဆီးအသင်းခံစစ်ကစားသမားဘာဒီယာရှီအနေဖြင့် တစ်လခန့်အနားယူရမည်ဖြစ်ပြီး လာမည့် ဖေဖော်ဝါရီ ၂၅ ရက်တွင် လီဗာပူးအသင်းနှင့်ဗိုလ်လုပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။
- ဘန်လေအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် ဂျိုတာအနေဖြင့် ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်များတွင်ပါဝင်နိုင်ရန် သေချာမည်မဟုတ်ကြောင်း သိရသည်။

**ML**

# ပဲရစ်နွေရာသီအိုလံပစ်ပြိုင်ပွဲတွင် မက်ဆီပါဝင်ကစားပေးရန် ယူ-၂၃ နည်းပြမာရှီယာနို ကမ်းလှမ်း

**ဗျူနိုစ်အေရိစ် ဖေဖော်ဝါရီ ၁၂**

အာဂျင်တီးနားယူ-၂၃ အသင်းလက်ရွေးစင်နည်းပြ မာရှီယာနိုသည် လာမည့် နွေရာသီတွင် ကျင်းပမည့် ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် အင်တာမီယာမီအသင်းတိုက်စစ်မှူး မက်ဆီကိုပါဝင်ကစားပေးရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနား လက်ရွေးစင်အသင်းခေါင်းဆောင် မက်ဆီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို အကောင်းဆုံးဦးဆောင်ကာ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားရယူပေးနိုင်ခဲ့သောကြောင့် ယူ-၂၃ နည်းပြမာရှီယာနိုက တောင်အမေရိကဇုန် အိုလံပစ်အကြိုအုပ်စုအဆင့်တွင် ဘရာဇီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သဖြင့် ရမှတ် ၎မှတ်ရရှိခဲ့ပြီး အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သဖြင့် ပြင်သစ်အိုလံပစ်ပြိုင်ပွဲကို ပါဝင်ခွင့်ရခဲ့ကာ မက်ဆီကို ပါဝင်ကစားရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြမာရှီယာနိုက "ကျွန်တော်နဲ့မက်ဆီတို့ ကောင်းမွန်တဲ့ဆက်ဆံရေးတွေရှိနေတာ အားလုံးသိမှာပါ။ ကျွန်တော့်အနေနဲ့ကတော့ မက်ဆီကို လာမဲ့အိုလံပစ်ပြိုင်ပွဲမှာ အာဂျင်တီးနား ယူ-၂၃ အသင်းအတွက် ပါဝင်ကစားစေချင်ပါတယ်။ သူသာကစားမယ်ဆို အသင်းအနေနဲ့ အမြဲတံခါးဖွင့်ထားပါတယ်"ဟုပြောကြားခဲ့သည်။

သို့သော် တိုက်စစ်မှူးမက်ဆီသည် လာမည့် ၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲတွင်သာ ပါဝင်ကစားရန်ဆန္ဒရှိနေပြီး အဆိုပါပြိုင်ပွဲသည် အိုလံပစ်ပြိုင်ပွဲမကျင်းပမီ နှစ်ပတ်အလိုဖြစ်သည့် ဇူလိုင် ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်သောကြောင့် အိုလံပစ်ပြိုင်ပွဲ၌ မက်ဆီပါဝင်ရေးမှာ ဖြစ်နိုင်မည်မဟုတ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ကလပ်ပေါင်းစုံကြက်တောင်ပြိုင်ပွဲချန်ပီယံရှစ် (Inter Club Badminton Championship 2024) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကလပ်ပေါင်းစုံ ကြက်တောင်ပြိုင်ပွဲ ချန်ပီယံရှစ် (Inter Club Badminton Championship 2024) ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ကလပ်ပေါင်းစုံ ကြက်တောင်ပြိုင်ပွဲချန်ပီယံရှစ် (Inter Club Badminton Championship 2024) ပြိုင်ပွဲဗိုလ်လုပွဲစဉ်များအပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပထမဆုရ Aung(A) အသင်း၊ ဒုတိယဆုရ HPP အသင်း၊ ပူးတွဲတတိယဆုရ Champion(A)အသင်းနှင့်Aung (B) အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်မင်းသန်းနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**STA**

# Mubadala Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရိုင်ဘာကီနာ ဆွတ်ခူး

**ဒူဘိုင်း ဖေဖော်ဝါရီ ၁၂**

အာရပ် စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင်ကျင်းပခဲ့သည့် Mubadala Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ရုရှားတင်းနစ်မယ် ကာဆက်ကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၆-၁၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ယင်းပွဲစဉ်သည် အကြိတ်အနယ်ရှိနိုင်သည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ကြောင်း ခန့်မှန်းသုံးသပ်ချက်များထွက်ပေါ်ခဲ့သော်လည်း နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ရိုင်ဘာကီနာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ကာဆက်ကီနာသည် ဗိုလ်လုပွဲစဉ်မတိုင်မီ အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် စိတ်လှုပ်ရှားနေပြီး ပုံစံကောင်းပျောက်ဆုံးကာ ရိုင်ဘာကီနာကို ရှုံးနိမ့်ခဲ့ရသည်။

ပြိုင်ပွဲဝင် နှစ်ဦးစလုံးသည် အာရပ်စော်ဘွားများပြည်ထောင်စုတွင် ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည့် Qatar Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကာတာနိုင်ငံသို့ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

ရိုင်ဘာကီနာက "ဗိုလ်လုပွဲစဉ်ဟာ နှစ်ယောက်စလုံးအတွက် ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ကာဆက်ကီနာနဲ့ ယှဉ်ပြိုင်ကစားရတိုင်းအမြဲတမ်းအခက်တွေ့ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ဒီနေ့ဗိုလ်လုပွဲစဉ်ကို လာရောက်အားပေးခဲ့ကြတဲ့ပရိသတ်တစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**



# ဘိုင်ယန်မြူးနစ်အသင်းနည်းပြသစ်အဖြစ် နည်းပြမော်ရင်ဟို ရေပန်းစားနေ

**ရောမ ဖေဖော်ဝါရီ ၁၂**

ရိုးမားအသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြမော်ရင်ဟိုသည် ဂျာမန်ဘာသာစကား သင်ယူနေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းကို တာဝန်ယူကိုင်တွယ်ဖွယ်ရှိနေသည့် သတင်းများ ထွက်ပေါ်လျက် ရှိနေကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုသည် ရိုးမားအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ယူရိုပါကွန်ဖရန့်လိဂ်ဆုဖလားဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ထိရောက်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် နည်းပြရာထူးမှထုတ်ပယ်ခံခဲ့ရပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။


နည်းပြမော်ရင်ဟိုကို အစောပိုင်းက ဆော်ဒီကလပ် အယ်ရှာဘတ်အသင်းက ကမ်းလှမ်းခဲ့သော်လည်း ၎င်းကိုယ်တိုင်က ဥရောပကလပ်အသင်းများကိုသာ တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ကမ်းလှမ်းမှုကိုပယ်ချခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနည်းပြတူချယ်သည် အသင်းကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မတ်လက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်လီဂါဖလားဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဂျာမန်ပိုကယ်ဖလား၊ ဂျာမန်စူပါဖလားတို့ကို လက်လွှတ်ခဲ့ရသည့်အပြင် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း လေဗာကူဆင်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ရမှတ်ငါးမှတ်ထိကွာဟလျက်ရှိနေပြီး ချန်ပီယံဆုလက်လွှတ်ရမည့်အရေးနှင့်ရင်ဆိုင်နေရသည်။

ဘိုင်ယန်မြူးနစ်အသင်းပရိသတ်များကလည်း လေဗာကူဆင်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြတူချယ်ကို ရာထူးမှနုတ်ထွက်ရန် တောင်းဆိုမှုများပြုလုပ်ခဲ့ကြပြီး ဘိုင်ယန်မြူးနစ်အသင်းက နည်းပြတူချယ်ကို ထောက်ခံမှုပေးထားသော်လည်း ဂျာမန်ဘွန်ဒက်လီဂါဖလား လက်လွှတ်ရမည်ဆိုပါက ရာသီအကုန်တွင် နည်းပြအပြောင်းအလဲ လုပ်ဆောင်သွားဖွယ်ရှိနေသည့်အတွက် နည်းပြမော်ရင်ဟိုက ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# (၇၅)ကြိမ်မြောက် Strandja Memorial Tournament လက်ဝှေ့ပြိုင်ပွဲတွင် အီဖာအိုရေ့က အိုင်ယာလန်နိုင်ငံအတွက် ရွှေတံဆိပ်ဆုဆွတ်ခူး




**ဆိုဖီယာ ဖေဖော်ဝါရီ ၁၂**

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တွင် ဖေဖော်ဝါရီ ၂ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့သော (၇၅)ကြိမ်မြောက် Strandja Memorial Tournament လက်ဝှေ့ပြိုင်ပွဲတွင် အိုင်ယာလန်ကိုယ်စားပြုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လက်ဝှေ့မယ်အီဖာအိုရေ့က မစ်ဒယ်ဝိတ်တန်းတွင် ရွှေတံဆိပ်ဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်အရွယ် အီဖာအိုရေ့သည် မစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲစဉ်တွင် ထိုင်းလက်ဝှေ့မယ် ဘိုင်ဆန်မနီကွန်နှင့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရပြီး အမှတ်ပေးဒိုင် ငါးဦးရှိသည့်အနက် ဒိုင်သုံးဦးက အီဖာအိုရေ့ကို အနိုင်ပေးခဲ့ပြီး ကျန်ဒိုင်နှစ်ဦးက ဘိုင်ဆန်မနီကွန်ကို အနိုင်ပေးခဲ့သည့်အတွက် အီဖာအိုရေ့က (၃-၂)ရလဒ်ဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အီဖာအိုရေ့သည် အိုင်ယာလန်အမျိုးသမီးလက်ဝှေ့လောကတွင် အအောင်မြင်ဆုံး လက်ဝှေ့မယ်များစာရင်းတွင်ပါဝင်ခဲ့ပြီး ၂၀၁၉ ခုနှစ် စပိန်နိုင်ငံတွင်ကျင်းပခဲ့သည့် 2019 Alcobendas လက်ဝှေ့ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သလို ၂၀၂၂ ခုနှစ် မွန်တီနီဂရိုးနိုင်ငံတွင် ကျင်းပခဲ့သော 2022 Budva လက်ဝှေ့ပြိုင်ပွဲတွင်လည်း ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ပိုလန်နိုင်ငံတွင်ကျင်းပခဲ့သော 2023 Kraków-Małopolska လက်ဝှေ့ပြိုင်ပွဲတွင်လည်း အိုင်ယာလန်နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

၎င်းသည် ယင်းပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ကျင်းပမည့် ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားသူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို နစ်ခ်တေလာ ဆွတ်ခူး

**အရီဇိုးနား ဖေဖော်ဝါရီ ၁၂**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပခဲ့သည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကနေဒါဂေါက်သီးရိုက်ကစားသမား နစ်ခ်တေလာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲ ဒုတိယနေ့မှစတင်၍ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် နစ်ခ်တေလာသည် နောက်ဆုံးနေ့တွင် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ရိုက်ကာ အမေရိကန်ဂေါက်သီးရိုက်ကစားသမားဟော့ဖ်မန်းနှင့်အတူ အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နိုင်ခဲ့ကာ ချန်ပီယံဆု အဆုံးအဖြတ်အတွက် Play-off ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ နစ်ခ်တေလာက အနိုင်ရရှိပြီးချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

Play-off တွင် ရှုံးနိမ့်ခဲ့သည့် ဟော့ဖ်မန်းက ဒုတိယနေရာဖြင့် သာကျေနပ်ခဲ့ရပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် စကော့တီရှက်ဖလာနှင့် ဆမ်ဘန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင်ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ယခုနှစ် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခင်နှစ်များထက်ထူးခြားခဲ့ပြီး ပြိုင်ပွဲကျင်းပနေစဉ်အတွင်း ရာသီဥတုဆိုးရွားသည့်အတွက်ကြောင့် ပြိုင်ပွဲကို ခေတ္တရပ်နားခဲ့ရသလို အရက်သေစာသောက်စားကာ ကွင်းအတွင်းဝင်ရောက်ခဲ့သော ပရိသတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ရသည့်ဖြစ်စဉ်များအပြင် ပြိုင်ပွဲဝင်များဖြစ်ကြသည့် ဇက်ဂျွန်ဆင်၊ ဟော့စချယ်တို့ ပရိသတ်များဖြင့် အပြန်အလှန်အချင်းများခဲ့သည့် ဖြစ်စဉ်များလည်းဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အာဆီယံနိုင်ငံများ၏ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအလားအလာ

ဝင်းဇင်(သုတေသန)




မကြာသေးမီက အင်အားကြီးနိုင်ငံများကြား ပြိုင်ဆိုင်မှုများ ပြန်လည်ပြင်းထန်လာသောကြောင့် ဒေသဆိုင်ရာလုံခြုံရေးတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)၏ အခန်းကဏ္ဍကို မေးခွန်းထုတ်လာလျက်ရှိသည်။ လေးနိုင်ငံလုံခြုံရေးအဖွဲ့ (Quad)၊ AUKUS နှင့် အမေရိကန်-ဂျပန်-တောင်ကိုရီးယား သုံးနိုင်ငံလုံခြုံရေးမဟာမိတ်အဖွဲ့ ကဲ့သို့ နိုင်ငံတချို့သာပါဝင်သော အင်စတီကျူးရှင်းများသည် ဒေသတွင်းရေးရာများတွင် အာဆီယံ ဗဟိုပြုမှုကို သပ်လျှိုသွေးခွဲရန် ခြိမ်းခြောက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ အင်ဒို-ပစိဖိတ်ဒေသတွင် အင်စတီကျူးရှင်းများ အပြိုင်အဆိုင်ပေါ်ထွက်လာခြင်းသည် လုံခြုံရေးဆိုင်ရာဖိအားများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်သည့် ထိရောက်သောပလက်ဖောင်းတစ်ခု ထောက်ပံ့ရေးတွင် အာဆီယံ၏စွမ်းဆောင်ရည်ကင်းမဲ့မှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ထိုအတောအတွင်း အာဆီယံဦးဆောင်သော ထိပ်သီးဆွေးနွေးပွဲများနှင့် လုပ်ငန်းစဉ်များကို ဟန်ပြဆွေးနွေးပွဲများအဖြစ် ပြက်ရယ်ပြုလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်ခဲ့သော အကြိမ် (၃၀) မြောက် အာဆီယံဒေသတွင်းဖိုရမ်သည် တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ လိုက်နာရန် ကျင့်ထုံးများအခိုင်အမာချမှတ်ရန် ပျက်ကွက်ခဲ့သည်။ မကြာသေးမီကပင် ဂျကာတာ၌ ပြုလုပ်ခဲ့သော အာဆီယံအပေါင်းသုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲတွင် တောင်တရုတ်ပင်လယ်ပြင်တစ်ခုလုံး လွှမ်းခြုံပါဝင်သည့် နယ်မြေသစ်မြေပုံကို တရုတ်နိုင်ငံ၏ ထုတ်ဖော်ပြသမှုသည် ဒေသတွင်းလုံခြုံရေးပြဿနာများ စီမံခန့်ခွဲရာတွင် အာဆီယံ၏အင်စတီကျူးရှင်းပိုင်းဆိုင်ရာမကျွမ်းကျင်မှုကို ပိုမိုဆိုးရွားလာစေလျက်ရှိသည်။

စင်ကာပူ၏ ISEAS-Yusof Ishak Institute က ဆောင်ရွက်ခဲ့သော ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှနိုင်ငံများအခြေအနေစစ်တမ်း၌ ၈၂ ဒသမ ၆ ရာခိုင်နှုန်းခန့်က အာဆီယံသည် ကမ္ဘာလုံးဆိုင်ရာစင်မြင့်၌ စွမ်းဆောင်ရည်ကင်းမဲ့လာပြီး ကျိုးကြောင်းဆီလျော်မှုမရှိတော့ကြောင်း ယုံကြည်ယူဆထားကြသည်။ အာဆီယံဗဟိုပြုမှုကို သပ်လျှိုသည့်ပြဿနာကို ကုစားရေးအတွက် ကြိုးပမ်းမှုသည် တောင်တရုတ်ပင်လယ်အပါအဝင် သမားရိုးကျ လုံခြုံရေးနယ်ပယ်တွင် နိုင်ငံတချို့သာပါဝင်သောဖွဲ့စည်းမှုများကို တိုးချဲ့သွားရန် တိုက်တွန်းအားပေးမှုများ မြင့်တက်လာလျက်ရှိသည်။ အချို့သောသူများက အာဆီယံအနေဖြင့် သမားရိုးကျလုံခြုံရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး အာဆီယံဦးဆောင်သောနိုင်ငံတချို့သာပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားသင့်ကြောင်းနှင့် အာဆီယံအနေဖြင့် ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများ လျော့နည်းစေရန် အာဆီယံအပေါင်းတစ်ဖြင့် အင်အားကြီးနိုင်ငံများကို ရင်ဆိုင်ဖြေရှင်းသွားသင့်ကြောင်း အကြံပြုထားရှိသည်။

အာဆီယံအနေဖြင့် ဘုံသဘောတူညီချက်ကို အခြေခံရသဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် နှောင့်နှေးကြန့်ကြာလေ့ရှိပြီး တောင်တရုတ်ပင်လယ်အရေး အပါအဝင် အဓိကကျသော လုံခြုံရေးပြဿနာများအပေါ် ခိုင်မာပြတ်သားစွာ ရပ်တည်သွားရန်လိုအပ်ပေသည်။ သို့သော် သမားရိုးကျလုံခြုံရေးနယ်ပယ်တွင် နိုင်ငံတချို့သာပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ခြင်းသည် အာဆီယံအဖွဲ့ကို အကောင်းဆုံးအခြေအနေသို့ ရောက်ရှိအောင် တွန်းပို့နိုင်မည်မဟုတ်ချေ။

သမားရိုးကျ လုံခြုံရေးဆိုင်ရာများတွင် သံခင်းတမန်ခင်းဆက်ဆံရေး၌ ထိပ်တိုက်ရင်ဆိုင်မှုအလားအလာပိုရှိသည့် နိုင်ငံတချို့သာပါဝင်သော ပူးပေါင်းဆောင်ရွက်မှုကို အာဆီယံအသင်းကြီးက ရုတ်တရက်လက်ခံမှုသည်၎င်း၏ကာလရှည်ကြာ လက်ခံထားသောအစဉ်အလာမှ လုံးလုံးလျားလျားသွေဖည်သွားမည့် အရိပ်အယောင်ပင်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ၎င်းမှီခိုအားထားနေရသည့် ကုန်သွယ်ဖက်နိုင်ငံများနှင့်ဆက်ဆံရေးအပေါ် သက်ရောက်မှုဖြစ်ပေါ်လာစေနိုင်ပေသည်။

နိုင်ငံတချို့သာပါဝင်သော ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံ၏အတွေ့အကြုံနှင့်လိုက်လျောညီထွေမှုမရှိပေ။ အမှန်တော့ ၂၀၁၈ ခုနှစ်တွင် အာဆီယံသည် နယ်စပ်ဖြတ်ကျော် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် နိုင်ငံတချို့သာပါဝင်သော Our Eyes Initiative ကို စတင်ဖွဲ့စည်းခဲ့သည်။ အာဆီယံအနေဖြင့် သမားရိုးကျမဟုတ်သော လုံခြုံရေးနယ်ပယ်တွင် နိုင်ငံတချို့သာပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အဆင်ပြေချောမွေ့စွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော်လည်း သမားရိုးကျမဟုတ်သော လုံခြုံရေးနယ်ပယ်ကို ကျော်လွန်ဆောင်ရွက်ရန် နိုင်ငံတချို့သာပါဝင်သည့်ဖွဲ့စည်းမှုကို ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် အာဆီယံအသင်းကြီးအတွက် အာမခံချက်ရှိနိုင်မည်မဟုတ်ချေ။ ထိုသို့ ဆောင်ရွက်သွားမည်ဆိုလျှင် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်မည်ဖြစ်သည်။ သမားရိုးကျလုံခြုံရေးကဏ္ဍတွင် နိုင်ငံတချို့သာ ပါဝင်သောဖွဲ့စည်းမှုတိုးချဲ့ရန် ဖိအားပေးခြင်းသည် အဖွဲ့ဝင်နိုင်ငံများကြား တင်းမာမှုမြင့်မားလာပြီး အာဆီယံအသင်းကြီးပြိုကွဲမှုကို ဦးတည်လာစေနိုင်ပေသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား အဖွဲ့အစည်းပိုင်းဆိုင်ရာ မရေမရာဖြစ်မှုပြဿနာသည် ပိုမိုမြင့်တက်လာလျက်ရှိသည်။ အသင်းဝင်နိုင်ငံများကြား မဖြစ်မနေ သဘောတူညီရမည့်အချက်သည် တောင်တရုတ်ပင်လယ်အရေးပင်ဖြစ်သည်။ အာဆီယံနှင့် နိုင်ငံပေါင်းစုံပါဝင်သော ဖိုရမ်များသည် အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ကြား နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းရာတွင် အဓိကကျသော နိုင်ငံရေးလှုပ်ရှားသူများအဖြစ် ပါဝင်လျက်ရှိသည်။ အာဆီယံသည် တောင်တရုတ်ပင်လယ်ပြင် အရေး ချဉ်းကပ်ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်က လိုက်နာရန် ကျင့်ထုံးကြေညာချက် အတည်ပြုခြင်းမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသည် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်လွှဲခဲ့သည်။ အာဆီယံသည် တောင်တရုတ်ပင်လယ်ပြင်တွင် တည်ငြိမ်အေးချမ်းမှုရရှိရေး ရည်ရွယ်ချက်ဖြင့် လိုက်နာရန်ကျင့်ထုံးခိုင်မာအောင် တရုတ်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

မည်သို့ပင်ဆိုစေ တောင်တရုတ်ပင်လယ်အရေးတွင် အာဆီယံဦးဆောင်သောနိုင်ငံတချို့သာ ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု ထူထောင်ခြင်းသည် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားလာနိုင်ပြီး တရုတ်နိုင်ငံ၏ ယုံကြည်မှုလွန်ကဲသော အပြုအမူများသည် အာဆီယံ၏ မူလကြေညာချက်များနှင့် ချဉ်းကပ်မှုကွဲလွဲဆန့်ကျင်လျက်ရှိသည်။ ထို့ပြင် အာဆီယံနှင့် အာဆီယံဦးဆောင်သော နိုင်ငံငယ်များကြား မတူကွဲပြားသောချဉ်းကပ်မှုများသည် အာဆီယံ၏ တရားဝင်ရပ်တည်မှုတို့အပေါ် သံသယကြီးထွားလာစေလျက်ရှိသည်။ တောင်တရုတ်ပင်လယ်တွင် အာဆီယံဦးဆောင်သော နိုင်ငံငယ်များ၏ ထိပ်တိုက်ရင်ဆိုင်မှု စတင်ကျင့်သုံးခြင်းသည် တရုတ်နိုင်ငံနှင့်အာဆီယံ၏ လက်ရှိကျင့်ထုံးညှိနှိုင်းရာတွင် အတိုးအလျှော့များပိုမို လုပ်ဆောင်ရမည်ဖြစ်သည်။ အာဆီယံဦးဆောင်သော အင်စတီကျူးရှင်းများသည် တစ်ဦးနှင့်တစ်ဦး ဖြည့်ဆည်းရန် ရည်ရွယ်ထားရှိသည်။ အခြားတစ်ဖက်တွင်လည်း မပြတ်မသားရပ်တည်ခြင်းသည် ဒေသတွင်းလုံခြုံရေးတွင် အပြုသဘောဆောင်သူအဖြစ် ဂုဏ်သတင်းကျော်ကြားမှုအပေါ် ထိခိုက်စေနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် နိုင်ငံတချို့သာ ပါဝင်သော ပူးပေါင်းဆောင်ရွက်မှုကြား ရည်မှန်းချက်များသည် အာဆီယံ၏ ရှိရင်းစွဲမူဝါဒများနှင့်ညီညွတ်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတချို့နှင့် ပူးပေါင်းဆောင်ရွက်မှုသည့်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်အကောင်အထည်ဖော်ခြင်းသည် အာဆီယံအတွက် ပထဝီနိုင်ငံရေးဆိုင်ရာသက်ရောက်မှု ဖြစ်ပွားစေနိုင်သည်။ ဒေသတွင်းအင်အားကြီးနိုင်ငံများ ပြိုင်ဆိုင်မှုမြင့်တက်လာသောကြောင့် နိုင်ငံများ၏မဟာဗျူဟာမြောက် လိုက်လျောညီထွေရှိမှုနှင့် ရည်ရွယ်ချက်တို့နှင့်စပ်လျဉ်း၍ အထိအခိုက်မခံနိုင်သောအခြေအနေများ မြင့်တက်လာလျက်ရှိသည်။ အမေရိကန် သို့မဟုတ် ဂျပန်နိုင်ငံကဲ့သို့ အခြားသောအင်အားကြီးနိုင်ငံများနှင့် အာဆီယံ၏ နီးစပ်သောပူးပေါင်းဆောင်ရွက်မှုပါဝင်သည့် အာဆီယံအပေါင်းတစ် ဖွဲ့စည်းမှုပုံစံသည် တရုတ်ကဲ့သို့သော ပြိုင်ဘက်အင်အားကြီးနိုင်ငံများကို သံသယကြီးထွားစေလျက်ရှိသည်။ ထိုသို့ဖြစ်ခြင်းသည် ဒေသတွင်းသံခင်းတမန်ခင်းတွင် အာဆီယံ၏ အရေးပါသောရပ်တည်ချက်ကို ထိခိုက်စေနိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် ဒေသတွင်းသံခင်းတမန်ခင်းသည် အာဆီယံနှင့် ဒေသတွင်းရှိအင်အားကြီးနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းသော ရလဒ်များ ပေါ်ထွက်စေလျက်ရှိသည်။

ဒေသတွင်းလုံခြုံရေးကဏ္ဍအတွက် နိုင်ငံတချို့သာပါဝင်သော ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ခြင်းသည် အာဆီယံအတွက် ပေးဆပ်ရမှုကြီးမားစေမည်ဖြစ်သည်။ သို့သော် နိုင်ငံတချို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အာဆီယံအတွက် ပျက်စီးဆုံးရှုံးမှုလုံးလုံးလျားလျားဖြစ်စေနိုင်သည်ဆိုသော ခိုင်မာသည့် အကြံပြုချက်တော့မရှိပေ။ ဒေသတွင်းလုံခြုံရေးဆိုင်ရာအာဆီယံမူဘောင်ပြင်ပတွင် နိုင်ငံအနည်းငယ်နှင့် ပူးပေါင်းဆောင်ရွက်မှုဆက်လက်လုပ်ဆောင်ခြင်းသည် သက်ဆိုင်ရာနိုင်ငံများ၏ ကိုယ်ပိုင်စွမ်းဆောင်ရည်များအပေါ်တွင် မူတည်လျက်ရှိသည်။

အမှန်တော့ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည်

> ❖ ဒေသတွင်းလုံခြုံရေးကဏ္ဍအတွက် နိုင်ငံတချို့သာပါဝင်သော ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ခြင်းသည် အာဆီယံအတွက် ပေးဆပ်ရမှုကြီးမားစေမည်ဖြစ်သည်။ သို့သော် နိုင်ငံတချို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် အာဆီယံအတွက် ပျက်စီးဆုံးရှုံးမှုလုံးလုံးလျားလျားဖြစ်စေနိုင်သည်ဆိုသော ခိုင်မာသည့်အကြံပြုချက်တော့မရှိပေ။ ဒေသတွင်းလုံခြုံရေးဆိုင်ရာ အာဆီယံမူဘောင်ပြင်ပတွင် နိုင်ငံအနည်းငယ်နှင့် ပူးပေါင်းဆောင်ရွက်မှုဆက်လက်လုပ်ဆောင်ခြင်းသည် သက်ဆိုင်ရာနိုင်ငံများ၏ ကိုယ်ပိုင်စွမ်းဆောင်ရည်များအပေါ်တွင် မူတည်လျက်ရှိသည်။ ❖

ဖန်တီးခြင်းသည် မိမိကိုယ်ကို ဂုဏ်သိက္ခာချသလိုဖြစ်စေမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းသည် အာဆီယံ၏ နိုင်ငံပေါင်းစုံပါဝင်သော မူဘောင်ကို ကျော်လွန်လိုသည့်သဘော သက်ရောက်စေလျက်ရှိသည်။ အာဆီယံဦးဆောင်သည့် နိုင်ငံတချို့သာပါဝင်သော ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံ၏ ရှေးရိုးစွဲဝါဒကို လိုက်နာသကဲ့သို့ အာဆီယံ၏လက်အောက်ခံအဖွဲ့အဖြစ်လည်း ဆက်လက်ရပ်တည်လျက်ရှိသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှု၏ နိုင်ငံပေါင်းစုံဖိုရမ်များသည် ဒေသတွင်းလုံခြုံရေးအတွက် ပြုပြင်ပြောင်းလဲမှုဖော်ဆောင်ရာတွင် အာဆီယံအတွက် ထူးခြားမှုရှိမည်မဟုတ်ချေ။ ပြည်သူများအနေဖြင့် နိုင်ငံတချို့သာ ပါဝင်သောရွေးချယ်မှုကို ဦးစားပေးစဉ်းစားဆောင်ရွက်နေသောကြောင့်ပင်ဖြစ်သည်။

အာဆီယံအပေါင်းတစ် ဖွဲ့စည်းမှုပုံစံမှတစ်ဆင့် ပြင်ပအင်အားကြီးနိုင်ငံများနှင့် နိုင်ငံတချို့သာပါဝင် အာဆီယံမူဘောင်ပြင်ပတွင် နိုင်ငံတချို့သာ ပါဝင်သော ပူးပေါင်းဆောင်ရွက်မှုကို စတင်နေပြီဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ၎င်းတို့၏လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ယူဆထားပြီးသည်။ အခြားတစ်ဖက်ကကြည့်မည်ဆိုလျှင် အာဆီယံအနေဖြင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် ရန်လိုသောအဖွဲ့အဖြစ် ရပ်တည်ခြင်းထက် ပြင်ပအင်အားကြီးနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုမှ ရလဒ်ကောင်းများထွက်အောင် ဆောင်ရွက်ကာ အာဆီယံဗဟိုပြုမှုပုံရိပ် ကျဆင်းလာမှုကိုကာကွယ်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

- **The Perils of Overstretching Minilateral Cooperation Within ASEAN By The Diplomat.**

# ကျောက်တံတားမြို့နယ် ရွှေခေတ်ဦး Art Gallery တွင် The Waves Of Arts Exhibition ပန်းချီပြပွဲပြသမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရွှေခေတ်ဦး Art Gallery တွင် The Waves Of Arts Exhibition ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ အောင်အောင်က ပြောပြ၍ သိရသည်။

The Waves Of Arts Exhibition ပန်းချီပြပွဲတွင် ပန်းချီ အဒမ်၊ ပန်းချီ အိမ်စည်၊ ပန်းချီ အန်နာ၊ ပန်းချီ အောင်အောင်၊ ပန်းချီ အောင်ဘုန်းမြင့်၊ ပန်းချီ အောင်စိုးမိုး၊ ပန်းချီ အောင်စိုး၊ ပန်းချီ အေးကျော့မိုး၊ ပန်းချီ ထူး၊ ပန်းချီ ကျော်စွာ၊ ပန်းချီ ရဲထွန်း၊ ပန်းချီ ကျော်ဇောလင်း၊ ပန်းချီ မေသဇင်၊ ပန်းချီ မောင်သဲတုန်၊ ပန်းချီ မင်းဇင်၊ ပန်းချီ မိုးလွင်၊ ပန်းချီ မိုးသောက်၊ ပန်းချီ မြင့်သိန်းလေး၊ ပန်းချီ နေဇင်မင်းထွန်း၊ ပန်းချီ ငြိမ်းအေးစံ၊ ပန်းချီ ဖေသန်း၊ ပန်းချီ ဖြိုးမင်းသိန်း၊ ပန်းချီ ပြည်သိန်းခိုင်၊ ပန်းချီ စန္ဒာဝင်း၊ ပန်းချီ ရွှေရည်ဝင်း၊ ပန်းချီ သန်းထိုက်စိုး၊ ပန်းချီ ဗစ်တာ၊ ပန်းချီ ယဉ်မျိုးသန့်တို့ ရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၁၀၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"The Waves Of Arts Exhibition ပန်းချီပြပွဲကတော့ ပန်းချီဆရာ၊ ဆရာမ ၂၈ ယောက်ရဲ့ စိတ်ကြိုက်ရွေးချယ်ထားတဲ့ ပန်းချီကားတွေကို ဒုတိယအကြိမ်အဖြစ် စုစည်းပြသမှာဖြစ်ပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လေ့လာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်"ဟု ပန်းချီ အောင်အောင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် သုံးသိန်းမှ အများဆုံးငွေကျပ် ၁၀ သိန်းထိရှိကြောင်း သိရသည်။ ASH

# ပုံရိပ် ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ပုံရိပ် ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၂၅ ရက်တွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ဖန်တီးရိုက်ကူးထားသူ ဒါရိုက်တာ ချိုဝတ်ရည်က ပြောပြ၍ သိရသည်။

ပုံရိပ် ရုပ်ရှင်ဇာတ်ကား၏ဝတ္ထု ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ချိုဝတ်ရည်ကပင် ရေးသားထားပြီး Dream ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ချိုဝတ်ရည်က ဖန်တီးပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။




"ဒီဇာတ်ကားက ၂၀၂၂ ခုနှစ် ဩဂုတ်လတုန်းက ရုံတင်ပြသထားတဲ့ဇာတ်ကားဖြစ်သလို ရုံတင်ပြသစဉ်ကလဲ ပရိသတ်အားပေးမှု ရရှိထားတဲ့ သည်းထိတ်ရင်ဖို ဇာတ်ကားဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို ပရိသတ်တွေ ထပ်မံကြည့်ရှုနိုင်အောင် CANAL+ ZAT LENN ရုပ်သံလိုင်းမှာ ဖေဖော်ဝါရီ ၂၅ ရက် တနင်္ဂနွေနေ့ ည ၈ နာရီမှာ စောင့်မျှော်ကြည့်ရှုနိုင်ပြီဖြစ်ပါတယ်"ဟု ဒါရိုက်တာ ချိုဝတ်ရည်က ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ကျော်ဗို၊ အလင်းရောင်၊ မေ၊ ရဲမွန်၊ ခင်မို့မို့အေးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုအလုပ်ရုံမှ လာဘ်ရွှင်မင်္ဂလာရွှေနဂါးရုပ်များကို အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန် ပန်းပုအလုပ်ရုံများမှ လာဘ်ရွှင်မင်္ဂလာရွှေနဂါးရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များက မှာယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။



ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ရင်းတိုက်သားဖြင့် ထုလုပ်ထားပြီး အရွယ်အစား အလျား ၁၂ လက်မ၊ အမြင့် ရှစ်လက်မရှိ လာဘ်ရွှင်မင်္ဂလာရွှေနဂါးရုပ်များကို မှာယူထားခြင်းဖြစ်သည်။

"ရန်ကုန်မြို့ပေါ်က အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေက ပြီးခဲ့တဲ့လရော၊ အခုလရော အမှာတက်လာတာက လာဘ်ရွှင်မင်္ဂလာရွှေနဂါးရုပ်တွေပဲ ဖြစ်နေတယ်။ ဒီနှစ်က တရုတ်ရိုးရာပြက္ခဒိန်အရ နဂါးနှစ်ဖြစ်တဲ့အတွက် လာဘ်ရွှင်မင်္ဂလာရွှေနဂါးရုပ်တွေ အမှာတက်ပါတယ်။ အခုအော်ဒါကတော့ လာဘ်ရွှင်မင်္ဂလာရွှေနဂါးရုပ် ၂၀၀ ဖြစ်ပါတယ်"ဟု ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူထားသည့် လာဘ်ရွှင်မင်္ဂလာရွှေနဂါးရုပ်တစ်ရုပ်လျှင် ငွေကျပ် ၁၂၀၀၀ ခန့်ရှိကြောင်း သိရသည်။ ASH

# Fuze အက်ရှင်ဇာတ်ကား၌ မင်းသား အေရွန်တေလာဂျွန်ဆင် ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၂**

Fuze အမည်ရှိ အက်ရှင်ဇာတ်ကားသစ်တွင် မင်းသားအေရွန်တေလာဂျွန်ဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

Fuze ဇာတ်ကားသည် ဗုံးအန္တရာယ်ကြောင့် ရွှေ့ပြောင်းမှုများပြုလုပ်စဉ်အတွင်း ဘဏ်အနုကြမ်းစီးမည့်အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်မည့်လူတစ်စု၏လှုပ်ရှားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား အေရွန်တေလာဂျွန်ဆင် အနေဖြင့် အဓိကဇာတ်ကောင်အဖြစ် ပါဝင်လာဖွယ်ရှိပြီး Fuze ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်မက္ကင်ဇီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသား အေရွန်တေလာဂျွန်ဆင်နှင့် ဒါရိုက်တာ ဒေးဗစ်မက္ကင်ဇီတို့သည် Outlaw King (2018) ဇာတ်ကား၌ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

Fuze ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# The Dreadful ဇာတ်ကားတွင် ဆိုဖီတန်နာနှင့် ကစ်ဟာရင်တန်တို့ ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၂**

The Dreadful ဇာတ်ကားတွင် မင်းသမီး ဆိုဖီတန်နာနှင့် မင်းသား ကစ်ဟာရင်တန်တို့ ပါဝင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်သတင်းများအရ သိရသည်။

The Dreadful အမည်ရှိ ဇာတ်ကားသည် ၁၅ ရာစု ဥရောပအလယ်ခေတ် ပြင်သစ်နှင့် အင်္ဂလိပ်တို့ တိုက်ခိုက်ခဲ့သည့် နှင်းဆီများစစ်ပွဲကို နောက်ခံပြုရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဆိုဖီတန်နာမှာ အဖော်မဲ့အမျိုးသမီးတစ်ဦးအဖြစ်၊ မင်းသား ကစ်ဟာရင်တန်မှာ ဆိုဖီတန်နာနှင့် အတိတ်တစ်ချိန်တွင်ပတ်သက်ခဲ့ဖူးသူအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

The Dreadful ဇာတ်ကားကို အီရန်နိုင်ငံဖွား အမေရိကန်အမျိုးသမီးဒါရိုက်တာ နာတာရှာကာမာနီက ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

ဆိုဖီတန်နာနှင့် ကစ်ဟာရင်တန်တို့သည် Game of Thrones ဇာတ်ကားများ၌ အတူသရုပ်ဆောင်ခဲ့ကြသူများဖြစ်သည်။

လက်ရှိအချိန်တွင် The Dreadful ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# SAC Chairman Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, his wife Daw Kyu Kyu Hla host dinner in honour of 77th Anniversary of Union Day 2024



Traditional cultural troupes perform dances.

**Nay Pyi Taw February 12**

Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and his wife Daw Kyu Kyu Hla hosted a dinner in honour of the 77th Anniversary of Union Day 2024 at the square of the city hall of Nay Pyi Taw this evening.

On arrival at the square of the Nay Pyi Taw city hall where the honorary dinner will be hosted, the Senior General and wife were welcomed by SAC Vice-Chairman Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sihu Soe Win and his wife Daw Than Than Nwe, Union Election Commission Chairman U Ko Ko and wife, Union ministers and their wives, Nay Pyi Taw Council Chairman U Than Tun Oo and wife.

The Senior General and wife, and the Vice-Senior General and wife greeted ethnic traditional cultural troupes from regions and states, chairmen and representatives of political parties, NCA signatory Ethnic Armed Group leaders and representatives, economic ministers and ethnic affairs ministers of regions and states, MSME businesspersons, senior military officers from the Office of the Commander-in-Chief and their wives, Union ministers, Union-level dignitaries and their wives, SAC members and their spouses, the Council Secretary and wife.



Senior General Min Aung Hlaing greets ethnic traditional cultural troupes.



Union Day dinner being hosted.

The Senior General and wife viewed fireworks launched in honour of the 77th Anniversary of Union Day 2024 together with the attendees to the dinner. The Senior General and wife had dinner together with all attendees.

Before and during the dinner, vocalists from the modern band of MRTV performed songs.

After the dinner, the Senior General and wife together with guests enjoyed dances of artistes from the Fine Arts Department under the Ministry of Religious Affairs and Culture and traditional ethnic cultural troupes at the open-air theatre of the city hall.

The entertainment comprised Union song and performance presented by artistes from the Fine Arts Department, and traditional ethnic songs by Kachin, Kayah, Kayin, Chin, Bamar, Mon, Rakhine and Shan ethnic traditional dance troupes and the song "perpetual Union" by artistes from the Fine Arts Department and ethnic traditional cultural troupes.

The Senior General and wife presented the flower basket to the ethnic traditional cultural troupes after the entertainment and cordially greeted them.

The dinner was attended by the SAC Secretary and wife, the Joint Secretary and wife, council members and their wives, members of the SAC Central Advisory Board, retired senior military officers, union ministers, union-level dignitaries and their wives, the Nay Pyi Taw Council chairman, senior military officers from the Office of the Commander-in-Chief and their wives, advisers to the SAC Chairman, the commander of Nay Pyi Taw Command, deputy ministers, economic and ethnic affairs ministers of regions and states, leaders and representatives from NCA signatory EAOs, chairmen and representatives of political parties, MSME businesspersons, ethnic cultural groups from regions and states and guests.

100

# Domestic high demand pulls up prices of garlic in Mandalay market

**Mandalay February 12**

High demand of local merchants triggered high prices of garlics in Mandalay market, according to Daw May The Swe, owner of Aung onion and potato depot in Mandalay.

Merchants at home and abroad purchase a large volume at the market with high demand, so prices of garlic are high in Mandalay market.

On 26 January, garlic was traded at K10,000 per viss in Mandalay market.

"At present, garlic from Pakokku flows into Mandalay market which distributes garlic to Yangon and other major cities. Newly-harvested garlics are also market due to low stock in the market, she added.

184

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win attends 77th Anniversary of Union Day Flag Hoisting and Saluting Ceremony



Vice-Senior General Soe Win reads the Union Day message sent by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

**Nay Pyi Taw February 12**

The 77th Anniversary of Union Day Flag hoisting and saluting ceremony was held at the square in front of the City Hall in Nay Pyi Taw this morning with the attendance of Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win, who read out the message sent by Chairman of the State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

The 77th Anniversary of Union Day was observed with full of essence in accord with the five national objectives: to protect the perpetuity of the Union by the entire ethnic people through the Union spirit; to join hand in harmony with the government, Tatmadaw and the entire people to ensure stability of the State and the rule of law; to promote all-inclusive livestock-based manufacturing industries and MSMEs ensuring socio-economic improvement of the entire ethnic people; to make collaborative efforts of all ethnic nationals to ensure prosperity of the nation and food security which are the two national visions; and to strive for emergence of a modern and developed country as well as a Union based on democratic and federal systems by all ethnic nationals.

First, the ceremony to hoist the State Flag to mark the 77th Anniversary of Union Day took place at 5.30 am, and the flag hoisting unit together with ethnic nationals hoisted the Flag of the Union of the Republic of Myanmar.

Next, departmental personnel, those from social organizations, ethnic nationals and guests in attendance started marching at 5 am and took their position at the square of the City Hall.

The State Flag saluting ceremony took place at 7 am when the Guard of Honour of the Tatmadaw (Army, Navy and Air) marched towards and took a position at the square of the City Hall.

Afterwards, Vice-Senior General Soe Win took a position on the podium at the square of the City Hall where the Union Day would be celebrated and took the salute of the Guard of Honour.

Then, the Vice-Senior General, together with the attendees, saluted the Flag of the Republic of the Union of Myanmar as the Guard of Honour played the National Anthem.

The Vice-Senior General read the Union Day message sent by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, and then the ceremony concluded.

The ceremony was also attended by Union-level dignitaries, union ministers, the Auditor-General of the Union, the Chairman of Union Civil Service Board, the Chairman of Nay Pyi Taw Council, the Chairman of Anti-Corruption Commission, the Chairman of Myanmar National Human Rights Commission, senior military officers, judges of the Supreme Court of the Union, deputy ministers, members of Union Civil Service Board, members of Myanmar National Human Rights Commission, members of Anti-Corruption Commission, members of Nay Pyi Taw Council, departmental heads, personnel of ministries, ethnic cultural troupes, ethnic representatives and guests.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# State-funded loans boost livestock sector in Mandalay Region

**Mandalay February 12**

The Emerald Green meat sector project, which aims to develop the local livestock industry and reduce poverty, has loaned more than 1,900 million kyats to 48 villages in 10 districts of Mandalay Region this fiscal year.

The project, which started in 2014-2015, provides state-sponsored loans to farmers who are only operating in the livestock sector.

Dr. Khin Zaw, head of Mandalay Region Livestock and Veterinary Department, said that the project has generated 609.12 million kyats in interest and money received from the previous loans, and the total loan and interest income this year is 1932.79 million kyats.

He added that the project is being implemented at the supervisory committee levels and has already benefited the farmers and the meat sector.

185

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က အနာဂတ်တိုက်ခိုက်ရေးကင်းထောက်ရဟတ်ယာဉ်ထုတ်လုပ်မှုအစီအစဉ်ကို ရပ်ဆိုင်း



အမေရိကန်ကြည်းတပ်သည် အနာဂတ် တိုက်ခိုက်ရေးကင်းထောက်ရဟတ်ယာဉ် (Future Attack and Reconnaissance Aircraft-FARA) ထုတ်လုပ်မှုအစီအစဉ်ကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း Army Technology သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသည် ခေတ်မီစစ်မြေပြင်ကို သတိကြီးစွာ အကဲဖြတ်ဆန်းစစ်ခြင်းများ ပြုလုပ်နိုင်ခဲ့ပြီးနောက် အမေရိကန်ကြည်းတပ်သည် လေကြောင်းဆိုင်ရာ စွမ်းအားစုများအတွက် မြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လုပ်ဆောင်နေမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်ဟု အမေရိကန်ကြည်းတပ်၏ ဖေဖော်ဝါရီ ၈ ရက် ထုတ်ပြန်ချက်အရ သိရသည်။

“မောင်းသူမဲ့စနစ်အမျိုးမျိုးနဲ့အာကာသထဲမှာ တပ်ဆင်အသုံးပြုထားတဲ့ အာရုံခံကိရိယာတွေ၊ စစ်လက်နက်ပစ္စည်းတွေဟာ အရင်ကထက် နေရာအနှံ့ ပိုမိုရောက်ရှိပြီး ပိုမိုဈေးသက်သာလာပါတယ်။ ကြည်းတပ်ရဲ့ ရှေ့လျှောက်ရင်းနှီးမြှုပ်နှံမှုတွေကို ဒရုန်းကင်းထောက်စွမ်းဆောင်ရည်တွေအပေါ် ပြန်လည်အာရုံစိုက်သွားမှာဖြစ်ပါတယ်”ဟု အမေရိကန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Randy George က ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်ကြည်းတပ်သည် Shadow နှင့် Raven ဒရုန်းစနစ်များ (UAS) အပါအဝင် စစ်မြေပြင်တွင်တာဝန်မထမ်းဆောင်နိုင်သော သို့မဟုတ် စွမ်းဆောင်ရည် ပြသထားနိုင်ခြင်းမရှိသော မောင်းသူမဲ့စနစ်များကိုလည်း ဖယ်ရှားပစ်လိမ့်မည်ဟု သိရသည်။

အမေရိကန်ကြည်းတပ်က ကြေညာထားသည့် အစီအစဉ်များကြားတွင် အပေးအယူညှိနှိုင်းမှုများကြောင့် Blackhawk ရဟတ်ယာဉ်၏ UH-60V ဗားရှင်းထုတ်လုပ်မှုကိုပါ အဆုံးသတ်စေခဲ့သည်။ ထိုအစား UH-60M ဗားရှင်းကိုဝယ်ယူရန် နှစ်ရှည်ကန်ထရိုက်စာချုပ်အရ ရဟတ်ယာဉ်ကိုယ်ထည်၏ ဝန်ဆောင်မှုသက်တမ်းကို နှစ် ၂၀ တိုးပေးသည်။ ထို့ပြင် CH-47 Block II Chinook ရဟတ်ယာဉ်၏ ရာနှုန်းပြည့် ထုတ်လုပ်မှုကိုလည်းကြေညာခဲ့ပြီး ၎င်း၏အနာဂတ်အတွက် မသေချာမရေရာမှုများဖြစ်ပေါ်နေမှုကို အဆုံးသတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

FARA အစီအစဉ်သည် Kiowa ရဟတ်ယာဉ်ကို အစားထိုးရန် ရည်ရွယ်သည့် ၎င်းတို့၏ထုတ်လုပ်မှုမစတင်မီ Commanche နှင့် Arapaho ရှေ့ပြေးပုံစံရဟတ်ယာဉ်များ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နေမှုများကိုရပ်ဆိုင်းခဲ့ပြီးနောက် အမေရိကန်ကြည်းတပ်က ဖျက်သိမ်းလိုက်သည့် တတိယမြောက် စီမံကိန်းတစ်ခုလည်းဖြစ်သည်။ Commanche ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သည် ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များကြားတွင် ဆယ်စုနှစ် နှစ်ခုကြာမြင့်ခဲ့ပြီး အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ ကုန်ကျခဲ့သည်။ ထို့အတူ Arapaho အစီအစဉ်သည် ကုန်ကျစရိတ်များပြားခြင်းနှင့် နှောင့်နှေးမှုများကြောင့် ၂၀၀၈ ခုနှစ်က ဖျက်သိမ်းခဲ့သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ တန်ဖိုးရှိသော အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရှေ့ပြေးပုံစံရဟတ်ယာဉ်များကိုထုတ်လုပ်နိုင်ရန် ဗြိုင်ဘက်ကုမ္ပဏီငါးခုပါဝင်သော ဆန်ခါတင်စာရင်းဖြင့် FARA အစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့ကြောင်း သိရသည်။

ယူကရိန်းအထူးစစ်ဆင်ရေး၏ စစ်မြေပြင်များမှ FARA အစီအစဉ်က ပေးအပ်နိုင်သည့် စွမ်းဆောင်ရည်များကို အကဲဖြတ်ဆန်းစစ်ပြီး သင်ခန်းစာများကို လေ့လာအကဲဖြတ် သင်ခန်းစာယူပြီးနောက် အမေရိကန်ကြည်းတပ် ခေါင်းဆောင်များက အကြံပြုခဲ့ကြသည်။

**US Army to end development of the Future Attack and Reconnaissance Aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

## ကမ္ဘာ့ကာကွယ်ရေးပြပွဲတွင် LD35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို NORINCO ကုမ္ပဏီ ထုတ်ဖော်ပြသ



တရုတ်နိုင်ငံ NORINCO ကုမ္ပဏီက ၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ရေးပြပွဲတွင် နောက်ဆုံးပေါ် LD35 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက်တွင် Armyrecognition သတင်းဌာနက ရေးသားဖော်ပြထားသည်။

LD35 သည် ၃၅ မီလီမီတာ အလိုအလျောက် လေယာဉ်ပစ်အမြောက်များ၊ လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်နှင့် လေဆာလက်နက်တို့ကို ပေါင်းစည်းလေကြောင်းရန် ကာကွယ်ရေးစွမ်းဆောင်ရည်များအတွက် ရှစ်ဘီးတပ်ယာဉ်ပေါ်တွင် ပေါင်းစပ်တပ်ဆင်ထားသည်။

အနီးကပ် လေကြောင်းရန်ကာကွယ်မှုပေးရန် ဒီဇိုင်းထုတ်ထားသည့် LD35 လက်နက်စနစ်ကို NORINCO ကုမ္ပဏီက မျိုးဆက်သစ်ယာဉ်တင် လေကြောင်းရန်ကာကွယ်ရေးစနစ်အဖြစ် ဖော်ပြခဲ့သည်။ ၎င်းသည် အရေးကြီးသောနေရာများနှင့် လှုပ်ရှားတပ်ရင်းတပ်ဖွဲ့များအတွက် လေကြောင်းရန်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အလိုအလျောက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်ပြီး ရာသီဥတုမရွေး တပ်ဖြန့်အသုံးပြုနိုင်မည့် ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးစနစ် အမျိုးအစားဖြစ်သည်။

အဆိုပါစနစ်သည် တောင်ပံပုံသေတပ် လေယာဉ်များ၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများအပါအဝင် လေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်ချေမှုန်းရန် အဓိကရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် အလယ်အလတ်၊ အနိမ့်နှင့် အလွန်နိမ့်သော အကွာအဝေးများမှ ဝင်ရောက်လာမည့် ရန်သူပစ်မှတ်များကို ကြားဖြတ်ပစ်ချနိုင်စွမ်းရှိမည်ဖြစ်သည်။

LD35 လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်၏ အဓိကအင်္ဂါရပ်များထဲမှ တစ်ခုမှာ ၃၅ မီလီမီတာ လေယာဉ်ပစ်စက်အမြောက်နှင့် ဒုံးကျည် ပေါင်းစပ်စနစ်ဖြစ်ပြီး ဝေဟင်မှခြိမ်းခြောက်မှုများသာမက ခရုဇ်ဒုံးကျည်များနှင့် မြေပြင်ပစ်မှတ်များကိုပါ ထိထိရောက်ရောက် တိုက်ခိုက်ဖျက်ဆီးနိုင်ခြင်းဖြစ်သည်။ ပြောင်းထွက်ရှိန် တွက်ချက်မှုစနစ်နှင့် Fixed Coil တပ်ဆင်ထားသော ပြောင်းတစ်လက်ပါ ၃၅ မီလီမီတာလေယာဉ်ပစ်စက်အမြောက်၏ အဆင့်မြင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုနှင့် ပစ်စွမ်းအားကို ဖော်ပြထားကြောင်း သိရသည်။

NORINCO ကုမ္ပဏီက သရုပ်ပြ ဗီဒီယိုဖိုင်တွင် LD35 ၏ အထင်ကြီးလောက်ဖွယ်စွမ်းရည်များ၊ အထူးသဖြင့် ၎င်း၏လေယာဉ်ပစ်အမြောက်မှ “Ahide” Programmable Prefabricated Fragmentation အမြောက်ကျည် သုံးတောင့်ဖြင့် ဝင်ရိုးလေးခုပါ အသေးစား ဒရုန်းတစ်စင်းကို အောင်မြင်စွာ ပစ်ချနိုင်ခဲ့မှုကို တွေ့မြင်ခဲ့ရသည်။ ဤစမ်းသပ်မှုသည် လေကြောင်းရန်ကာကွယ်ရေးနည်းပညာတွင် သိသာထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်သည့် လေကြောင်းခြိမ်းခြောက်မှုများကို တိုက်ခိုက်ချေမှုန်းရာတွင် စနစ်၏တိကျမှုနှင့် ထိရောက်မှုကို ပြသထားသည်။

LD35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် အမျိုးမျိုးသောလက်နက်စနစ်များကို ယာဉ်တစ်စီးတည်းတွင် ပေါင်းစည်းအသုံးပြုထားခြင်းသည် စစ်ဘက်နည်းပညာတွင် တိုးတက်ဖွံ့ဖြိုးမှုအသစ်တစ်ရပ်ဖြစ်စေရုံမျှမက ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများတွင် တရုတ်နိုင်ငံ၏ ကျွမ်းကျင်မှုနှင့် ကိုယ့်ကိုယ်ကိုယ် မှီခိုအားထားမှုကိုလည်း ထင်ဟပ်စေကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ရေးပြပွဲတွင် LD35 လက်နက်စနစ်ကို မိတ်ဆက်ပြသခဲ့ခြင်းသည် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးဖြေရှင်းချက်များတွင် NORINCO ကုမ္ပဏီ၏ အဆင့်အတန်းကို ပြသလိုက်ခြင်းဖြစ်ပြီး စစ်ရေးနှင့် မဟာဗျူဟာမြောက် အချက်အချာနေရာများအတွက် ခေတ်သစ်လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်သစ်ကို ပံ့ပိုးပေးနိုင်ကြောင်း ကတိပြုလိုက်ခြင်းလည်းဖြစ်သည်။

**NORINCO from China Unveils Cutting-Edge LD35 Air Defense Armored Vehicle at World Defense Show 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၃၂ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၃၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမြေပဲများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည့်အရာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆီထွက်သီးနှံ မြေပဲတွေကို စိုက်ပျိုးတာဟာ ပြည်သူတွေ ဆီစားသုံးမှုဖူလုံစေဖို့၊ ဘေးကင်းလုံခြုံတဲ့ဆီစားသုံးနိုင်ဖို့၊ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်လစ်လပ်းက ဖြည့်ဆည်းပေးနိုင်ဖို့အတွက် စိုက်ပျိုးတာဖြစ်ပါတယ်။ မြေပဲတွေတစ်ဧကချင်း အထွက်နှုန်းကောင်းစေဖို့ စနစ်တကျစိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၁၃၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆီထွက်သီးနှံမြေပဲကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့နဲ့ နည်းပညာနဲ့ စိုက်ပျိုးရေးလမ်းညွှန်ချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

အဆိုပါ ဆီထွက်သီးနှံမြေပဲများ တစ်ဧကချင်း အထွက်နှုန်းကောင်းစေရန်၊ စိုက်ပျိုးပြီး မြေပဲခင်းများကို ဖျက်ပိုးများကျရောက်မှုမရှိစေရန်၊ အရည်အသွေးကောင်း မြေပဲများ ရရှိစေရန်အတွက် အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ချီဖွေမြို့နယ် ရှမ်းကျော်ကျေးရွာ၌
# VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ချီဖွေ ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကျော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးသဉ္ဇာနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှမ်းကျော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ ကျောက်ခုံခံကွန်ကရစ်ကြမ်းခင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးသဉ္ဇာက လုပ်ငန်းလိုအပ်ချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား မှာကြားသည်။

ချီဖွေမြို့နယ် ရှမ်းကျော်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ အရှည်ပေ ၂၅၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မဖြစ်ပြီး မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းသည် အလျား ပေ ၄၀၊ အမြင့် ငါးပေဖြစ်ကြောင်း၊ ကျောက်ခုံခံကွန်ကရစ်ကြမ်းခင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းမှာ အလျား ရှစ်ပေ၊ အနံ ရှစ်ပေ၊ အမြင့် လေးပေ ခြောက်လက်မဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၅၂ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးသဉ္ဇာထံမှ သိရသည်။



**ကျော်စောဦး(မောရှမ်းမြေ)**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၉၅ ဧက စိုက်ပျိုးမည်

**ယင်းမာပင် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၉၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုကို ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နွေစပါးဧက ၁၄၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ နွေစပါးစိုက်ပျိုးချိန်မှာ အထွက်နှုန်းကောင်းမျိုးတွေ စိုက်ပျိုးနိုင်ဖို့၊ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးသွားမယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၉၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၄၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၄၅၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၃၅၀ စုစုပေါင်း ၁၄၉၅ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးအထွက်နှုန်း တိုးတက်ရေးအတွက် နည်းပညာများပေးခြင်း၊ သဘာဝမြေဩဇာ အသုံးပြုပုံများ၊ ပိုးသတ်ဆေးသုံးစွဲနည်းများ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၅၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

☆ **ကျောဖုံးမှအဆက်**

ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူမြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုးချို မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုအဆင့်





တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်စဉ်။

အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာကျင်းပခြင်းဖြစ်သည်။

ဦးစွာ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတနေရာယူကြသည်။

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုးချို မဟာသရေစည်သူစိုးဝင်းက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ



ပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# စစ်တွေမြို့၌ ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက ဖတ်ကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ဒေါ်နုမြဇံတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသက် ၂၅ နှစ်အောက် စစ်တုရင်ပြိုင်ပွဲနှင့် အသက် ၂၅ နှစ်အထက် စစ်တုရင်ပြိုင်ပွဲတို့တွင် ဆုရရှိသော အားကစားသမားများကိုလည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကက မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေသည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေမြို့ ရွှေဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိသိမ်တော်ကြီး ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လက်ရှိ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု အခြေအနေများကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရွှေဟောင်းသမိုင်းဝင် စကြာမုနိဘုရားတို့ကိုသွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြပြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် အဖွဲ့သည် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်သည့်အတွက် ဝန်ထမ်းဥပဒေ၊ နည်းဥပဒေအတိုင်း နေထိုင်ကြစေလိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း အတတ်နိုင်ဆုံးကြိုးစားသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ဖြင့် ထမ်းဆောင်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများ လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်သည် အဖွဲ့ဝင်များနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများနှင့်တွေ့ဆုံပြီး လက်ရှိစစ်တွေမြို့တွင်ဖြစ်ပေါ်နေသောအခြေအနေ၊ ဝန်ထမ်းများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများကို မိမိတို့အနေဖြင့် သိရှိသင့်သလောက်သိရှိပြီးဖြစ်ကြောင်း၊ အဖြေတစ်ခုကိုရရှိအောင် နည်းလမ်းရှာဖွေရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြဿနာ၏အခြေအနေများကို ဖြေရှင်းနိုင်သည့် အခြေအနေတစ်ခုကို ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ မိမိတို့လုပ်ငန်းတာဝန်များ၊ ပြည်နယ်အစိုးရအဖွဲ့ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယာယီနေရပ်စွန့်ခွာဝန်ထမ်းများက လက်နက်ကိုင်ပဋိပက္ခများကြောင့် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသောတက္ကသိုလ်ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ဆောင် ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏ အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများက တက္ကသိုလ်အတွင်း ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုနှင့် အဝေးသင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်လမြိုင်မြို့ တောင်ဝိုင်းဘိုးဘွားရိပ်သာ၏ (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းဘိုးဘွားရိပ်သာ၏ (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရိပ်သာ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကန်တော့ခံ အဘိုး၊အဘွားများ၊ မြို့မိမြို့ဖအလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မော်လမြိုင်မြို့ တောင်ဝိုင်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးဥက္ကဋ္ဌက ရိပ်သာ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဘိုး၊ အဘွားများကို ဘိုးဘွားကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့က ဆုတောင်းမေတ္တာပို့သကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် မြို့မိမြို့ဖ အလှူရှင်များက တောင်ဝိုင်းဘိုးဘွားရိပ်သာရှိ အဘိုး၊အဘွား ဦးရေ ၅၀ တို့ကို ဂါရဝပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ အဘိုး၊အဘွားများကို ဂါရဝပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းစဉ်။

# ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား မန္တလေးမြို့တွင် ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း ဥပစာရှေ့၌ ကျင်းပသည်။

ဦးစွာ နံနက် ၅ နာရီခွဲတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ စစ်တီးဝိုင်းတပ်စု၊ အလံတင်တပ်စုတို့သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အစီအစဉ်များအတိုင်း စင်မြင့်ထက်ရှိ အလံတိုင်ထိပ်သို့ လွှင့်တင်ဆောင်ရွက်ပြီး အလေးပြုကြသည်။

ဆက်လက်၍ နံနက်၇နာရီတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို မန္တလာသီရိအားကစားကွင်းဥပစာရှေ့၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် Mr.Zhang Wei၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushalနှင့် ဖိတ်ကြားထားသူများ၊တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကျောင်းအသီးသီးတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုအသင်းအဖွဲ့အစည်းများ၊ မန္တလေးမြို့အခြေစိုက်တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူများစုစုပေါင်း အင်အား ၁၅၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ တိုင်ဒေသကြီးဝန်ကြီးများသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အစီအစဉ်များအတိုင်း အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်ကဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာကြသူများ၊ ပြည်ထောင်စုတိုင်းရင်းသားညီနောင်သားချင်းများကို ရင်းနှီးစွာလိုက်လံနှုတ်ဆက်ပြီး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြုလုပ်သည့် ပြည်ထောင်စုတိုင်းရင်းသားများ၏ စတုဒိသာမဏ္ဍပ်များတွင် စတုဒိသာများဖြင့် ကျွေးမွေးနေမှုကိုလိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျရောက်သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းစာမေးပွဲများ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၁၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းအလယ်တန်းနှင့်အထက်တန်းအဆင့်စာမေးပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာစာဖြေဌာနများတွင် မကြာမီဖြေဆိုကြရတော့မည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာမူလတန်းအလယ်တန်းနှင့်အထက်တန်းအဆင့်စာမေးပွဲများကို အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မကြာမီတွင် အခြေခံပညာအဆင့်စာမေးပွဲများကို စတင်ကျင်းပတော့မည်ဖြစ်ရာ တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာစာစစ်ဌာနများ၌ စာမေးပွဲများကိုအောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ရာနှုန်းပြည့် ဖြေဆိုနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မိဘများပေါင်းစပ်၍ အင်ပြည့်အားပြည့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နယ်မြေလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တိုင်းဒေသကြီးအတွင်း အချို့သောနေရာဒေသများရှိ ကျောင်းသားကျောင်းသူများအပြင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်နယ်မြေလုံခြုံရေးအခြေအနေများအရ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများကို ပညာသင်နှစ်ဆုံးရှုံးနစ်နာမှု မဖြစ်ပေါ်စေရန်သက်ဆိုင်ရာစာဖြေဌာနများတွင် ဝင်ရောက်ဖြေဆိုနိုင်ရေး၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲမှုကောင်းမွန်စွာဖြင့်အလေးထားကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးသတိလုံခြုံရေးအသိအစဉ်အမြဲရှိနေရမည်ဖြစ်ပါကြောင်း၊ စာမေးပွဲဖြေဆိုမှုများနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမဖြစ်ပေါ်စေရန် လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးပညာရေးမှူးက အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်စာမေးပွဲများအတွက် မေးခွန်းများပြင်ဆင်ထားရှိမှု၊ စာစစ်ဌာနများသတ်မှတ်ထားရှိမှု၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို လက်ခံဆောင်ရွက်ပေးနေမှုနှင့် မပျက်မကွက်ဖြေဆိုနိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၂၀၅ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၀၁၀၁၂၇၀၀၀ တို့ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ဒေသတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်။



မွန်ပြည်နယ် ကျိုက်ထီးရိုးဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယနေ့တွင်ကျရောက်သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ဒေသအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း)၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်။



မွန်ပြည်နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။



မန္တလေးမြို့ ရတနာပုံဥယျာဉ်၌ လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။



မန္တလေးမြို့တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရောင်စုံမီးများ ထွန်းညှိထားရှိမှုကို တွေ့ရစဉ်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအားအလေးပြုခြင်း၊ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့်ရဲဘော်အပေါင်းအား အလေးပြုခြင်းများဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးဖတ်ကြားကြသည်။

ထို့နောက်(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး၊လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းလျှပ်စစ်မီးဓာတ်အားဖြန့်ဖြူးပေးမှုစသည့် ပြခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် သက်ဆိုင်သည့် ပြခန်းများနှင့် သုတ၊ ရသ၊ စာစောင်ပြခန်းများကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲများနှင့်အားကစားပြိုင်ပွဲများကိုလည်းကောင်း တာဝန်ရှိသူများကဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများသီးသီးပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာအစားအစာစတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ အသီးသီးကျင်းပခဲ့ကြောင်း သတင်းရရှိသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အထင်ကရနေရာများတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိစဉ်။




ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စည်ပင်သာယာဈေး၌ ဈေးရောင်း၊ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိစဉ်။

# ပျော်ပျော်ရွှင်ရွှင် စစ်မှုထမ်းကြမယ်

မန္တလာ ကိုကိုဝင်း

**❖ မြန်မာနိုင်ငံတော်ဆိုတဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် မျိုးဆက်သစ်အဆက်ဆက်က မထိန်းသိမ်း၊ မစောင့်ရှောက်၊ မကာကွယ်ဘူးဆိုရင် နိုင်ငံလည်း ကွယ်၊ လူမျိုးလည်း ပျောက်သွားမှာ အမှန်ပါပဲ။ နိုင်ငံတော်ကို အိမ်ကြီးတစ်အိမ်ပမာ၊နိုင်ငံသားများကို မိသားစုတစ်စုပမာ မြင်ကြည့်လိုက်ပါ။ သည်အိမ်ကြီးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမှာ ဒီအိမ်မိသားစုပါပဲ။ ကောင်းလည်း ကျွန်တော်တို့အိမ်၊ မကောင်းလည်း ကျွန်တော်တို့အိမ်ပါပဲ။ ဒါ့ကြောင့် ဒီအိမ်ကြီးကောင်းအောင် တာဝန်ဟာ ကျွန်တော်တို့တာဝန်ပါပဲ။ ကောင်းအောင်လုပ်ရမှာပါ။ နောင်လာမယ့် သားသမီးမြေးမြစ်တွေကို ကောင်းတဲ့အိမ်ကြီးအဖြစ် အမွေပေးရပါမယ်။ ❖**

မနေ့ညက ရုပ်မြင်သံကြားသတင်းမှာ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ကြားသိလိုက်ရတော့ရင်ထဲမှာ တကယ်ပဲဝမ်းသာမိပါတယ်။ ဒီဝမ်းသာမှုဟာ ဘယ်ကအခြေခံလာသလဲဆိုရင် ကိုရီးယားကားတွေ ကြည့်ရင်းကနေ ဖြစ်ပေါ်လာတာပါ။ အားလုံးလည်းမြင်တွေ့ကြမှာပါ။ ကိုရီးယားဇာတ်ကားတော်တော်များများမှာ သူတို့ရဲ့ဇာတ်လိုက်မင်းသားတွေ စစ်မှုထမ်းရတဲ့ အခန်းတွေပါရှိပါတယ်။ စစ်မှုထမ်းတယ်ဆိုတာ စစ်ကားတွေကို ပြောတာ မဟုတ်ပါဘူး။ သူတို့စစ်မှုထမ်းဖို့ အလှည့်ရောက်လာရင် ပြုံးပြုံးရွှင်ရွှင် ပျော်ပျော်ပါးပါးနဲ့သွားရောက်ကြသလို စစ်မှုထမ်းပြီးပြန်လာတဲ့အခါမှာလည်း မိသားစုတွေက ဝမ်းပန်းတသာကြိုဆိုကြတာတွေကို မြင်တွေ့ရတာပါ။ ကြည်နူးစရာအလွန်ပဲကောင်းလှပါတယ်။

သူ့နိုင်ငံအတွက် သူတို့ စစ်မှုထမ်းရတာကို ဂုဏ်ယူနေကြပါတယ်။ စစ်မှုတာဝန်ထမ်းဆောင်နေရတဲ့အချိန်အခါမှာလည်း အထက်က သတ်မှတ်ထားတဲ့ စည်းကမ်းတွေ၊ တာဝန်တွေကို လိုက်နာကြောင်း ပြသကြပါတယ်။ အဲဒီမှာလည်း အထက်အောက်ဆက်ဆံရေးကို ပြထားပါတယ်။ ဗမာလိုပြောရရင်တော့ စီနီယာ၊ ဂျူနီယာဆက်ဆံရေးပါပဲ။ စီနီယာက ဂျူနီယာကို ချစ်ခင်သလို ဂျူနီယာကလည်း စီနီယာကို လေးစားပါတယ်။ ကြည်နူးဖွယ်ကောင်းတဲ့မြင်ကွင်းကတော့ တစ်ဦးနဲ့တစ်ဦးတွေ့ရင် အမြန်အလှန်အလေးပြုခြင်းပါပဲ။ ဒါဟာ သူတို့အချင်းချင်း ခင်မင်လေးစားစွာ နှုတ်ဆက်ခြင်း၊ အထက်အောက်ရှိလေးစားမှုကို ပြသခြင်း၊ အချင်းချင်း စည်းလုံးညီညွတ်မှုကို သရုပ်ဖော်ခြင်း၊ စည်းကမ်းသေဝပ်မှုရှိခြင်း၊ တိုင်းပြည်အတွက် ဦးတည်ချက်ကို အလေးပြုတိုင်း ပြန်လည်သတိရခြင်းဆိုတဲ့ အချက်တွေပါပဲ။

စစ်မှုထမ်းဆောင်ခြင်းဆိုတဲ့ နိုင်ငံတော်ကာကွယ်ရေးဟာ သူတို့နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တယ်။ နိုင်ငံသားတိုင်းကလည်း စစ်မှုထမ်းဆောင်ရတာကို ဂုဏ်ယူတယ်။ မိသားစု၊ အပေါင်းအသင်း၊ အသိုင်းအဝိုင်းကလည်းအားပေးတယ်။ ချစ်သူသမီးရည်းစားတွေကလည်း ကိုယ်ချစ်တဲ့ကောင်လေး စစ်မှုထမ်းနေတာကို သဘောကျတယ်။ အားလပ်ရက်တွေမှာ ဧည့်တွေ့သွားတွေ့ကြတယ်။ စားစရာတွေပေးကြတယ်။ လွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင်နဲ့ ဘဝကို နိုင်ငံတော်အတွက် ဖြတ်သန်းနေရတာကိုမြင်ရတော့ အားကျမိတာအမှန်ပါပဲ။ ဒါဟာ အရွယ်ရောက်သူတိုင်း စစ်မှုမထမ်းမနေရဆိုတဲ့ ခေတ်အဆက်ဆက်ပြဋ္ဌာန်းထားခဲ့တဲ့ဥပဒေကို ပီပြင်စွာအကောင်အထည်ဖော်ခြင်းပါပဲ။

စစ်မှုထမ်းဆောင်ဖူးမှလည်း စစ်သားတွေရဲ့ဘဝကို နားလည်စာနာလာမှာပါ။ တိုင်းပြည်အတွက် အရေးကြုံလာတဲ့အခါ ဖိတ်ခေါ်စရာမလိုဘဲ လာရောက်စာရင်းပေးသွင်း၊ စစ်မှုထမ်းကြမှာပါ။ (ဒီနေရာမှာ ကြားဖြတ်ပြောပြရရင် ဟားမတ်စ်စစ်သွေးကြွတွေက ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၇ ရက်မှာ အစ္စရေးနိုင်ငံကို ရန်စတိုက်ခိုက်တော့ အစ္စရေးနိုင်ငံသားယောကျ်ား၊ မိန်းမတွေ ရောက်တဲ့အရပ်ကပြန်လာပြီး သူ့နိုင်ငံကာကွယ်ရေးအတွက် သူ့ထက်ငါအလုအယက်စစ်မှုထမ်းကြတဲ့မြင်ကွင်းကို အားလုံးတွေ့ပြီးသားပါ) ဒါတွေဟာ နိုင်ငံကို ချစ်တဲ့စိတ်၊လူမျိုးကို ချစ်တဲ့စိတ်ပါပဲ။

ကျွန်တော်ကတော့ ကိုရီးယားကားတွေကြည့်မိတိုင်း မျှော်လင့်တောင့်တမိတာရှိပါတယ်။ ငါတို့နိုင်ငံလည်း အဲလိုမျိုးစစ်မှုမထမ်းမနေရဆိုတာမျိုး ရှိလာရင် သိပ်ကောင်းမှာပဲဆိုတဲ့မျှော်လင့်ချက်ပါ။ လူဆိုတာ ကိုယ်တွေ့ကြုံ၊ ကိုယ်တိုင်ခံစားရတော့မှ ကိုယ်ချင်းစာတတ်လာမှာပါ။ ဒါ့ကြောင့် နိုင်ငံသားတိုင်း စစ်မှုထမ်းစေချင်ခဲ့ပါတယ်။ အမြဲတမ်းမဟုတ်သော်မှ နှစ်အကန့်အသတ်အလိုက် ဖြစ်စေချင်ပါတယ်။

မနေ့ကအကြောင်း ဆက်ပါမည်။ မနေ့က ဖေဖော်ဝါရီ ၁၀ ရက်ည။ မျှော်လင့်နေတဲ့သတင်းကြားလိုက်ရခြင်းပါပဲ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း" သတင်းပါပဲ။ ဒီဥပဒေဟာ ၂၀၁၀ ပြည့်နှစ်တုန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေကို ပြဋ္ဌာန်းထားရှိပေမယ့် အာဏာတည်တဲ့နေ့ သတ်မှတ်ထားတာမရှိသေးပါဘူး။ ဒါ့ကြောင့်လည်း ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်သည်လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်တဲ့ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ကြော်ငြာစာတွေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေကို ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်ပေးသွားမယ်လို့လည်း ကြားသိလိုက်ရပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ဒါ့ကြောင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅ မှာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါ့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၆ မှာ "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"လို့လည်း ပြဋ္ဌာန်းထားပါတယ်။

အခုအတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေရဲ့နိဒါန်းမှာလည်း "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒိုတာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်းခြင်းဖြစ်ကြောင်း"ဖော်ပြထားပါတယ်။

ပြည်သူ့စစ်မှုထမ်းဆိုတာ အခုဥပဒေအရ စစ်မှုထမ်းဆောင်သည့်နိုင်ငံသားကို ဆိုလိုခြင်းဖြစ်ပါတယ်။ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၂၇ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း စစ်မှုထမ်းရမယ့် အသက်အရွယ်ကို သတ်မှတ်ထားပါတယ်။ ကျွမ်းကျင်သူဆိုတဲ့စကားရပ်ကတော့ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုပညာတတ်မြောက်သူ ဒါမှမဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူများကို ဆိုလိုတာဖြစ်ပါတယ်။ ရှားပါးပညာရပ်ဖြစ်တဲ့ မြန်မာ့ဆိုင်းဝိုင်းကို ကျွမ်းကျင်စွာတီးခတ်နိုင်တဲ့သူတွေဟာလည်း ကျွမ်းကျင်သူတွေဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းကာလကိုတော့ ၂၄ လထက်မပိုတဲ့ ကာလအပိုင်းအခြားဖြစ်ပါတယ်။

ဒီနေရာမှာ ထူးခြားချက်တစ်ခုကိုလည်း ဖော်ပြချင်ပါသေးတယ်။ အဲဒါကတော့ပုဒ်မ ၄ မှာ "နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်နေလျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန်ကာလကို ငါးနှစ်အထိ တိုးမြှင့်သတ်မှတ်နိုင်သည်။ ဒါက နိုင်ငံတော်အပိုင်းက ရယူထားတဲ့အခွင့်အရေးလို့ ပြောလို့ရပါတယ်။ထို့အတူ တရားမျှတစွာဖြင့် ပြည်သူ့စစ်မှုထမ်းတို့ရဲ့ ခံစားခွင့်များကိုလည်း ဖော်ပြပေးထားပါတယ်။ ဒါတွေကတော့ စစ်မှုထမ်းရန်သတ်မှတ်ချက်နဲ့ညီသူတွေ သိထားသင့်တာမို့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာပါတဲ့အတိုင်း ဖော်ပြပေးလိုက်ပါတယ်။

**အခန်း(၄)**

**ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ**

၁၆။ ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းဆောင်နေစဉ်အတွင်း တပ်မတော်တွင် သတ်မှတ်ထားသည့် အဆင့်အလိုက် လစာနှင့် စရိတ်အတိုင်း ခံစားခွင့်ရရှိစေရမည်။

၁၇။ ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းကာလအတွင်း သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့လျှင် တာဝန်ဝတ္တရားထမ်းဆောင်ခြင်းနှင့် အကျုံးဝင်ပါက တပ်မတော်တွင် သတ်မှတ်ထားသော ခံစားခွင့်များရရှိစေရမည်။

၁၈။ (က) ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ယင်းတာဝန်ထမ်းဆောင်နေသည့်ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်သည်။

(ခ) ပုဒ်မ ၃ နှင့် ၄ ပါ ပြည်သူ့စစ်မှုထမ်းကာလပြီးဆုံးသော အလုပ်သမားတစ်ဦးအား မူလထမ်းဆောင်ခဲ့သော အလုပ်အကိုင်သို့မဟုတ် အလားတူအလုပ်အကိုင်တွင် သတ်မှတ်ထားသည့်အတိုင်း အလုပ်ရှင်က ခန့်ထားရမည်။

၁၉။ ပုဒ်မ ၃ အရ သတ်မှတ်ထားသောကာလပြည့်သည်အထိ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသူ တစ်ဦးသည် မိမိဆန္ဒသဘောအလျောက်တပ်မတော်သို့ ဝင်ရောက်အမှုထမ်းလိုပါက သတ်မှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စစ်မှုထမ်းခွင့်ပြုနိုင်သည်။

၂၀။ ပါရဂူဘွဲ့ရသူများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘွဲ့ရသူများနှင့်အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူများကို အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်သည်။

ဒါကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအခန်း(၄)မှာ ပြဋ္ဌာန်းထားတာကို ဖော်ပြလိုက်တာဖြစ်ပါတယ်။ တပ်မတော်သားတစ်ယောက်အဖြစ် ကိုယ်တွေ့ကြုံတွေ့လာတဲ့အခါမှာ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဆိုတဲ့ စိတ်ဓာတ်တွေကိန်းအောင်းလာပါလိမ့်မယ်။ မိမိကိုယ်ကိုတန်ဖိုးထားတတ်တဲ့စိတ်တွေဖြစ်လာပါလိမ့်မယ်။ ဂုဏ်ယူဖွယ်ကောင်းလှတဲ့နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ငါလည်း ပါဝင်ထမ်းဆောင်ရပါပြီလားဆိုတဲ့ ဝမ်းသာကြည်နူးစိတ်တွေ ဖြစ်လာပါလိမ့်မယ်။

အခြေခံစစ်ရေးပြသင်ကြားလေ့ကျင့်နေရချိန်ကစလို့ အဖွဲ့အစည်းစိတ်ဓာတ်ဖြစ်လာပါလိမ့်မယ်။ သတိ၊ သက်သာ၊ အေးစေဆိုတဲ့ အမိန့်သံတွေဟာ အမိန့်နာခံတတ်မှုနဲ့ စစ်စည်းကမ်းကောင်းမွန်မှုကို အဓိကဖြစ်စေပါတယ်။ နေထိုင်သွားလာလှုပ်ရှားမှုတိုင်းမှာ စည်းကမ်းစနစ်တကျဖြစ်လာပါလိမ့်မယ်။ အထူးသဖြင့် ကျန်းမာကြံ့ခိုင်တဲ့ သားကောင်း၊သမီးကောင်းတွေဖြစ်လာပါလိမ့်မယ်။ ဒါတွေနဲ့အတူ သာမန်နိုင်ငံသားတစ်ဦးအဖြစ်ထက် ပိုမိုပြီး စစ်ရေးစွမ်းရည်၊အုပ်ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည်ဆိုတာတွေပြည့်ဝလာပါလိမ့်မယ်။ ရေးလို့မကုန်နိုင်တဲ့ စွမ်းရည်တွေပြည့်ဝလာပါလိမ့်မယ်။ဒါ့ကြောင့်လည်း "ငါ့သားများစစ်ထဲဝင်ရင်လေ သူ့ကို ပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့"လို့ စစ်သည်တော်ဟောင်းတစ်ဦးက မှတ်တမ်းတင်ထားခဲ့တာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အတည်ပြုထုတ်ပြန်ခြင်းနဲ့ပတ်သက်လို့ ကျွန်တော်ကတော့ စစ်သည်တော်ဟောင်းတစ်ဦးအနေနဲ့ ကြိုဆိုပါတယ်။ ဘာကြောင့်လဲဆိုရင် ရှေးက ဘိုးဘွားဘီဘင်တွေ တည်ထောင်ပြုစုထားတဲ့ မြန်မာနိုင်ငံကြီးကို ခေတ်အဆက်ဆက်လူငယ်တွေက ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ ဘိုးဘွားတွေပေးခဲ့တဲ့အမွေကို သားသမီးကဆက်ခံထိန်းရမှာဖြစ်ပါတယ်။ အမွေဆိုတာကို ဘာလဲဆိုရင် မိဘ၊ ဘိုးဘွား စသည်ထံမှ ဆက်ခံရရှိသောပစ္စည်း၊ ဥစ္စာဖြစ်ပါတယ်။မြန်မာနိုင်ငံတော်ဆိုတဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် မျိုးဆက်သစ်အဆက်ဆက်က မထိန်းသိမ်း၊ မစောင့်ရှောက်၊ မကာကွယ်ဘူးဆိုရင် နိုင်ငံလည်း ကွယ်၊ လူမျိုးလည်း ပျောက်သွားမှာအမှန်ပါပဲ။ ဒါ့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုလိုက်တာဖြစ်ပါတယ်။

အန္တရာယ်ကို ကြောက်နေသူအတွက် အန္တရာယ်ဆိုတာ အမြဲရှိနေမှာပါပဲ။ လာမယ့်ဘေး ပြေးတွေ့ဆိုစကားအတိုင်း ရင်ဆိုင်လိုက်ခြင်းဟာ အောင်မြင်ခြင်းပါပဲ။ ဒါ့ကြောင့်မို့ စစ်မှုထမ်းဖို့ကြောက်နေသူတွေ မဝံ့မရဲဖြစ်နေသူတွေအတွက် ဘိုးဘွားအမွေကို ထိန်းရမယ်ဆိုတဲ့အသိတရားထားရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကို အိမ်ကြီးတစ်အိမ်ပမာ၊ နိုင်ငံသားများကို မိသားစုတစ်စုပမာမြင်ကြည့်လိုက်ပါ။ သည်အိမ်ကြီးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမှာ ဒီအိမ်မိသားစုပါပဲ။ကောင်းလည်း ကျွန်တော်တို့အိမ်၊ မကောင်းလည်း ကျွန်တော်တို့အိမ်ပါပဲ။ဒါ့ကြောင့် ဒီအိမ်ကြီးကောင်းအောင် တာဝန်ဟာ ကျွန်တော်တို့တာဝန်ပါပဲ။ကောင်းအောင်လုပ်ရမှာပါ။နောင်လာမယ့်သားသမီးမြေးမြစ်တွေကို ကောင်းတဲ့အိမ်ကြီးအဖြစ် အမွေပေးရပါမယ်။

ဒီနေရာမှာတိုက်ဆိုင်နေလို့ ဆရာဇော်ဂျီရဲ့ "မင့်အိမ်"ဆိုတဲ့ကဗျာထဲက စာသားအချို့ကို ကောက်နုတ်ရရင် **"မကောင်းမင့်အိမ်၊ ကောင်းမင့်အိမ်တည့်၊ မင့်အိမ် ရှုံ့ရှိ၊ အမိုးယိုသော်၊ မပြိုသင့်ပါ၊ မင်းတက်ဖာပေါ့၊ အကာအစင်းပျက်ပြိုယွင်းသော်မငြင်းစေချင်မင်းဆက်ပြင်ပေါ့၊ အစွင်အနဲ့ အရွဲ့အစောင်း၊ မကောင်းမပြေ၊ ဟောင်းတွေထွေကိုအခြေနင့်မျှ ညဏ်ဖြင့်ဆ၍၊ လုံ့လသက်သွင်း၊ သစ်စေမင်း။ ။"**လို့ ဖြစ်ပါတယ်။ အလွန်ပဲအဓိပ္ပာယ်ပြည့်ဝလှတာမို့ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့က မကာကွယ်ရင် ဘယ်သူက လာကာကွယ်မှာလဲ။

ယောကျ်ားထဲမှ "စစ်သား"၊ မိန်းမထဲမှ "စစ်သမီး" ဂုဏ်ရှိန်ကြီးလှပါတယ်။ ကိုယ့်အိမ်ကိုယ်ပြင်၊ ကိုယ့်နိုင်ငံ ကိုယ်ခင်ကြမှသာ ဘဝမှာ အဖိုးတန်သူဖြစ်လာမှာပါ။ ဒါ့ကြောင့်မို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုပါကြောင်းနဲ့ လူငယ်မောင်မယ်များအနေနဲ့ "ပျော်ပျော်ရွှင်ရွှင် စစ်မှုထမ်းကြမယ်"ဆိုတဲ့ စိတ်ဓာတ်ကောင်းကို မွေးမြူထားကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်ခင်ဗျာ။


**ကိုးကားချက်–**

**ဇော်ဂျီ၏ ကဗျာပေါင်းချုပ်၊**

**ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နေ့စဉ်ထုတ်သတင်းစာများ။**

# ထွက်ပေါက်များ

နေထူး




(၁)

မြို့သစ်ထဲက ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲကို လုပ်ငန်းရှင်သူဌေးကြီးက ရှောင်တခင်ဝင်ရောက်ကြည့်ရှုတယ်။ သူဌေးရဲ့လူယုံတာဝန်ခံက လုပ်ငန်းခွင်ထဲမှာရှိမနေဘဲ အပြင်မှာရှိနေတယ်။ ဆောက်လုပ်ရေးအလုပ်သမားတချို့တလေက ဟိုနားတစ်စု ဒီနားတစ်စုနဲ့ အလုပ်မလုပ်ဘဲ စကားပြောနေကြတယ်။ အဆိုးဆုံးကတော့ အလုပ်က သိမ်းခါနီးနေပြီမို့လို့ မဆလာ(ဘိလပ်မြေ) ရောစပ်ပြီးသားတွေက များနေတာကြောင့် ဖျောက်ဖျက်ဖို့ရာအကြံပြုနေတဲ့ ပန်းရန်ဆရာရဲ့စကားသံကြောင့် သူဌေးကြီးက လူလုံးမပြသေးဘဲ သူတို့တွေပြောဆိုနေကြတာကို မမြင်ကွယ်ရာကနေ အသာလေးနားစွင့်နေလိုက်တယ်။ လူကောင်က ခပ်သေးသေး၊ ခပ်ပိန်ပိန်နဲ့ ပန်းရန်ဆရာလေးက-

"ဟိတ်လူတွေ အဲဒီလိုတော့မလုပ်ပါနဲ့ဗျာ။ ခင်ဗျားတို့ပြန်ချင်ရင်ပြန်နှင့်ပါ။ မဆလာဖျော်ပြီးသားတွေကို ကျုပ်ကုန်အောင်လုပ်လိုက်ပါ့မယ်"လို့ ဆိုနေတယ်။

ပိုနေတာတွေဖျောက်ဖျက်ဖို့ အကြံပြုခဲ့တဲ့သူက "ဖွီ"ခနဲ ကွမ်းသွေးတွေကို မဆလာဗန်းထဲကိုထွေးချလိုက်ပြီး မဆလာလက်ကျန်နဲ့ ကွမ်းသွေးတွေကို သံလက်ကြီးနဲ့ ဆောင့်ကြီးအောင့်ကြီးမွှေလိုက်ပြီး "ဘုရားဖြစ်မဲ့အုတ်နီခဲကောင်"လို့ မကျေမနပ်ရေရွတ်သံကို ထပ်ဆင့်ကြားလိုက်ရပြန်တယ်။

သူဌေးကတော့ အလုပ်သမားတွေအချီအချပြောနေတာကို အသာလေးနားစွင့်နေပြီး သူ့ရဲ့ဘေးမှာပါလာတဲ့ကားသမားကို မျက်ရိပ်ပြလိုက်ပြီး လုပ်ငန်းခွင်ထဲကနေ အသာလေးပြန်ထွက်သွားတော့တယ်။ နောက်တစ်နေ့မှာတော့ လုပ်ငန်းခွင်ထဲမှာ လူစုံတက်စုံရှိနေကြပြီး သူဌေးက သူ့ရဲ့လုပ်ငန်းခွင်တာဝန်ခံအဟောင်းကို အလုပ်ကနားစေလိုက်ပြီး ပိန်ပိန်သေးသေးနဲ့ ပန်းရန်ဆရာလေးကို တာဝန်ခံခန့်ပေးလိုက်လေတော့တယ်။

(၂)

အဲဒီအကြောင်းအရာကို ပြောပြနေသူကတော့ ကိုကျော်ဦးဆိုတဲ့အစ်ကိုဖြစ်ပြီး တစ်ချိန်က ပိန်ပိန်သေးသေးနဲ့ ပန်းရန်အလုပ်သမားလေးဟာ သူပါဆိုတာကို ဘုရားစူးကျိန်မှယုံရလောက်အောင်ပင်ဖြစ်နေပြီး အခုအချိန်မှာတော့ အသွေးအမွေးတွေက အပြောင်းလဲကြီးပြောင်းလဲနေခဲ့ပေပြီ။

"ဒါဆိုရင် အစ်ကိုကတာဝန်ခံလုပ်ရင်းနဲ့ အခုလို အိမ်တွေ၊ ခြံတွေပိုင်လာခဲ့တာပေါ့။ အစ်ကိုနဲ့ချိန်းလိုက်တဲ့တာဝန်ခံကကော ဘယ်လိုဖြစ်သွားလဲ"လို့ ကျွန်တော့်ရဲ့ဘေးနားမှာထိုင်နေတဲ့ ကိုဇော်ထိုက်က ဝင်မေးလိုက်တယ်။ ကျွန်တော်တို့၊ ကိုဇော်ထိုက်တို့က ကိုကျော်ဦးရဲ့အဆောင်မှာ ငှားနေကြသူတွေဖြစ်တယ်။ ပေ ၂၀ အပြည့်ဆောက်ထားတဲ့ နှစ်ထပ်တိုက်မှာ ကိုကျော်ဦးတို့မိသားစုနေကြပြီးတော့ ပိုနေတဲ့ပေ ၂၀ မှာ အဆောင်လေးဆောက်ပြီး အိမ်ငှားထားတာဖြစ်တယ်။ ကိုဇော်ထိုက်ရဲ့အမေးကိုမဖြေသေးဘဲ ကိုကျော်ဦးက သူ့ရဲ့ခွက်ထဲက လက်ကျန်ကော်ဖီလေးကို မော့သောက်လိုက်ပြီးတော့-

"ငါ အခုလိုအခြေတကျရှိတာက တာဝန်ခံလုပ်တာနဲ့တော့မဆိုင်ဘူးကွ။ သူဌေးက မြို့သစ်ထဲကခြံကွက်တွေကိုဝယ်ပြီး ခြံတွေကာ အဆောက်အအုံတွေဆောက်ပြီး ငှားတန်ငှား၊ ရောင်းတန်ရောင်းလုပ်တာကွ။ ငါက အကွက်အကွင်းကျမဲ့မြေကွက်လေးတွေလိုက်ရှာပေးတော့ ဟိုဘက်ဒီဘက်ကနေ ပွဲခလေးတွေရတာကို စုဆောင်းလာခဲ့လို့ အခုလိုလေးဖြစ်လာအောင် တဖြည်းဖြည်းချင်း အကောင်အထည်ဖော်ခဲ့ရတာ။ ပြောရရင်တော့ သူဌေးကောင်းနဲ့လဲတွေ့ခဲ့တယ်ဆိုရမှာပေါ့။ ပြီးတော့လဲ ငါ့ရဲ့ရိုးသားမှုကို အသိအမှတ်ပြုတာကြောင့် ဘာလေးပဲလိုလို အကူအညီပေးလေတော့ အဆင်ပြေသွားခဲ့ရတယ်ကွ"

"ဒါကတော့ ကိုကျော်ဦး ကံကောင်းတာလဲပါပါတယ်။ အချို့သူဌေးတွေများဆိုရင် ကိုယ့်ရဲ့အလုပ်သမားစားရင် မသထာဘူးဗျ။ ကိုယ့်လူကျွေးရမဲ့အစား အခြားသူကိုစားစေချင်တဲ့သူဌေးတွေမှ တစ်ပုံကြီးပဲ"လို့ဆိုလာတယ်။

ကိုဇော်ထိုက်ရဲ့စောဒကတက်မှုကို ကိုကျော်ဦးက ဘာတစ်ခွန်းမှခွန်းတုံ့မပြန်ဘဲ ပြုံးရုံသာပြုံးနေလို့ "သူဌေးကအလုပ်ထုတ်လိုက်တဲ့တာဝန်ခံကကော ဘာဖြစ်သွားလဲ"လို့ ကျွန်တော်ကမေးလိုက်တယ်။

"သူက အလုပ်ကနေထွက်သွားပြီးတော့ သိန်းထီပေါက်သွားသေးတယ်ကွ။ အဲဒီအချိန်က ခြံတစ်ကွက်မှ သိန်း ၃၀၊ ၄၀ ပေးရတဲ့ခေတ်မှာ သိန်း ၃၀၀ လောက်ရသွားခဲ့တာ။ အိမ်တွေ၊ ခြံတွေ၊ ကားတွေနဲ့ ဖြစ်သွားခဲ့တယ်။ ပြီးတော့ ဆောက်လုပ်ရေးကန်ထရိုက်အလုပ်ဝင်လုပ်တော့လဲ အတော်လေးအဆင်ပြေသေးတယ်။ ငါတို့နဲ့လုပ်ငန်းခွင်တစ်ခုနားမှာဆုံလို့တောင် ငါတို့တွေကို မုန့်ဖိုးတွေတောင် ပေးသွားခဲ့သေးတာကွ"

"မိုက်တာကွာ။ အားကျချက်"

ကိုကျော်ဦးရဲ့စကားဆုံးတာနဲ့ ငြိမ်ပြီးနားထောင်နေတဲ့ ကိုဇော်ထိုက်က အားပါးတရနဲ့ဆိုနေသေးတော့တယ်။

(၃)

"မဆုံးသေးဘူးကွ။ အဲဒီလူက နဂိုကတည်းက မိန်းမကိစ္စလဲ နည်းနည်းရှုပ်ချင်တယ်။ ဟိုးတစ်ခါ သူဌေးလာစစ်တော့လဲ သူက မယားငယ်ရဲ့အိမ်ကို ရောက်နေတာကွ။ အခုလို ပိုက်ဆံလေးက ရုတ်တရက်ရလာပြန် အလုပ်တွေကလဲ အဆင်ပြေနေလေတော့ မြင်းကိုချိုတပ်ပေးသလို ဖြစ်သွားတော့တာပေါ့။ မိန်းမလိုက်စားရုံတင်မကဘူး ဘောလုံးပွဲလောင်းတာအပြင် နှစ်လုံး၊ သုံးလုံးလောင်းကစားကိုပါ အကြီးအကျယ်လုပ်လေတော့ နှစ်အနည်းငယ်အတွင်းမှာပဲ အိမ်တွေ၊ ခြံတွေကုန်ပြီး နဂိုဘဝဒုံရင်းကိုပြန်ရောက်သွားရောကွ။ လောင်းကစားဖက်လာတော့ ငွေရေးကြေးရေးတွေမှာလဲ အတိမ်းအစောင်းတွေဖြစ်လာပြီး အလုပ်ထဲမှာလဲ နာမည်ကပျက်သွားတယ်။ လူဆိုတာက မရှိဖူးရင် ကိစ္စမရှိဘူးကွ။ ရှိပြီးရာကနေ မရှိဘဲဖြစ်သွားရင် လက်ရှိကနေ လက်မဲ့ဖြစ်သွားလို့ကတော့ စိတ်ဓာတ်တွေကျပြီး ကိုယ့်ကိုယ်ကိုယ်လဲ ယုံကြည်မှုကင်းမဲ့လာကာ တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်အောင်တောင် တွေးမိတတ်သတဲ့ကွ။ ဟိုးလွန်ခဲ့တဲ့ခြောက်လလောက်က သူပြန်ပြောပြလို့ သိခဲ့ရတာ"ဆိုပြီး စကားကိုဖြတ်သွားပြန်တယ်။

"ဒါနဲ့ နောက်ဆုံးမှာ သူဘယ်လိုဖြစ်သွားလဲ။ သူကံကောင်းနေသေးလား၊ ကံဆိုးသွားလား"လို့ ကိုဇော်ထိုက်က အငမ်းမရမေးပြန်တယ်။

"သူနဲ့ငါဆုံတဲ့ထိတော့ ကံထပ်မကောင်းတော့ဘူးကွ။ ကန်ထရိုက်လုပ်လာသူဆိုတော့ သူများလက်အောက်မှာလဲမလုပ်ချင်၊ အခြားကိုယ်ပိုင်အလုပ်လေးလုပ်ကိုင်ဖို့ဆိုပြန်တော့လဲ အရင်းအနှီးကမရှိနဲ့ အတော်လေးခက်ခဲသွားတယ်။ ဆောက်လုပ်ရေးလောကကလဲ မသိရင်သာ ကျယ်သလိုနဲ့ကွ။ နာမည်တစ်ခါပျက်ပြီးရင် ရပ်တည်ဖို့ကခက်သွားပြီ။ သူကတော့ ကံလေးများကောင်းလေအုံးမလားဆိုပြီး လောင်းကစားတော့လုပ်နေဆဲပေါ့။ ဟိုးတလောလေးက မနက် ၅ နာရီလောက်မှာ ငါ့ဆီကိုရောက်လာတယ်ကွ။ သူငှားနေတဲ့အိမ်နားမှာ အကြွေးတွေများနေလို့ မိန်းမနဲ့ကလေးကို တောပြန်ပို့ထားပြီး သူကနောက်ကနေလိုက်သွားတော့မှာမို့လို့ လမ်းစရိတ်လေးထောက်ပါဆိုပြီး အကူအညီလာတောင်းသွားတာ။ နှစ်လုံး၊ သုံးလုံးအကြွေးတွေ နစ်သွားတာတဲ့။ မင်းတို့ကို ငါပြောချင်တာက ကံဆိုတာအမြဲမကောင်းနိုင်ဘူးဆိုတာရယ် လောင်းကစားက ဘဝရဲ့ထွက်ပေါက်မဟုတ်ဘူးဆိုတာကို သိစေချင်တာကွ။ နောက်တစ်ခုကလဲ သူဌေးက ဘယ်လောက်ကောင်းကောင်း မင်းတို့ဘဝကို အမြဲမကူညီနိုင်ဘူး။ မင်းတို့ကိုကူညီနိုင်တာက မင်းတို့ကိုယ်တိုင်ပဲဆိုတာကို မသေမချင်းမှတ်ထားဖို့ပဲကွ"

လို့ဆိုကာ အဆုံးသတ်သွားတော့တယ်။ ကိုကျော်ဦးရဲ့စကားအဆုံးမှာတော့ ကျွန်တော်ကော ကိုဇော်ထိုက်ပါ ငြိမ်ကျသွားတော့တယ်။

ကံဆိုတာ အမြဲမကောင်းနိုင်ပါလားဆိုတာရယ်၊ မျက်လှည့်ဆန်တဲ့ ဥစ္စာပစ္စည်းတွေရယ်၊ လောင်းကစားဆိုတာ ကြောက်စရာကောင်းလှပါလားဆိုတာရယ်ကို ပိုပြီးသတိပြုမိလာတော့တယ်။ မွန်းကျပ်ပိတ်လှောင်နေတဲ့လူမှုဒုက္ခတွေ၊ စားဝတ်နေရေးတွေအတွက် လွတ်ရာလွတ်ကြောင်းလေးများဖြစ်လေမလားလို့ ရွေးချယ်လိုက်မိတဲ့ လောင်းကစားဟူသော ထွက်ပေါက်အမှားကြီးဘေးမှကင်းဝေးကြပါစေဟုသာ။

❖ သူကတော့ ကံလေးများကောင်းလေအုံးမလားဆိုပြီး လောင်းကစားတော့လုပ်နေဆဲပေါ့။ ဟိုးတလောလေးက မနက် ၅ နာရီလောက်မှာ ငါ့ဆီကိုရောက်လာတယ်ကွ။ သူငှားနေတဲ့အိမ်နားမှာ အကြွေးတွေများနေလို့ မိန်းမနဲ့ကလေးကို တောပြန်ပို့ထားပြီး သူကနောက်ကနေလိုက်သွားတော့မှာမို့လို့ လမ်းစရိတ်လေးထောက်ပါဆိုပြီး အကူအညီလာတောင်းသွားတာ။ နှစ်လုံး၊ သုံးလုံးအကြွေးတွေ နစ်သွားတာတဲ့။ မင်းတို့ကို ငါပြောချင်တာက ကံဆိုတာအမြဲမကောင်းနိုင်ဘူးဆိုတာရယ် လောင်းကစားက ဘဝရဲ့ထွက်ပေါက်မဟုတ်ဘူးဆိုတာကို သိစေချင်တာကွ။ ❖

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၃၈၀ စိုက်ပျိုးပြီးစီး



**ထီးချိုင့် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၂၃၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၂၆ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၃၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၈၂၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက၂၃၈၀ စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက်ပိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံး ဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေပေးပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိသော ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ကော့ထမွလိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကော့ထမွလိန်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကော့ထမွလိန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို ရန်ပုံငွေကျပ် ၄၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိုအို**



# ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာ၌ စာသင်ကျောင်း အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တုံးလည်ကျေးရွာအုပ်စု တောင်ပို့ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မြမြမွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တုံးလည်ကျေးရွာအုပ်စု တောင်ပို့ကြီးကျေးရွာ၌ စာသင်ကျောင်း အုတ်တံတိုင်းကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တုံးလည်ကျေးရွာအုပ်စုတောင်ပို့ကြီးကျေးရွာ၌ အလျား ပေ ၄၀၀ အနံ ပေ ၃၅၀၊ အမြင့် ခြောက်ပေရှိ စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၈ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

## ဆိုခဲ့မြဲစေ

\- ပတ်ဝန်းကျင် ထိုလူများတို့
ဆိုစကား ဆင်ခြင်ပါ၊
တစ်ပါးသူ ပြုမူပြောကို
စောကြောလို့သာ၊
ကိုယ့်စိတ်ထဲ မသေချာ
အဖြေရှာ ဘယ်ခါမတွေး၊
ထင်မြင်ရာ ကောက်ချက်ချတယ်
ပြောကြမနေး။

\- မျက်စိ၊နားရယ် စုံလိုက်ပေးလို့
မွေးဖွားခဲ့ တို့တစ်တွေ၊
သဘာဝကို နားလည်အပ်
တွေးခေါ်တတ်စေ၊
နှစ်ဖက်မျှ ကြည့်ကာနေ
နားဆင်လေ ဉာဏ်နှင့်ခွင်း၊
စောင့်စည်းရာ နှုတ်စကားကိုလ
မမှားစေမင်း။

\- ပေါင်းဖော်ဆွေ မိတ်အချင်းချင်းတို့
ကွေကွင်းကြ အလီလီ၊
မဆင်ခြင် နှုတ်စကားရယ်က
ဓားသွားနှယ် ညီ၊
ခွဲခြားက ကွဲပြားမည်
လွဲမှားသည် အမိုက်နောင်တ၊
ဩော်. . . စကားမတည်
တရားမညီ နှလုံးသွင်းလေတော့
ချစ်ခြင်းမဲ့ရ။

\- မကောင်းမြင် အဆိုးဝါဒကို
ထိုးခွာချ စင်ကြယ်စေ၊
ဖြဟ္မစိုရ် မြတ်တရားနဲ့
အပြုံးများဝေ၊
အားနည်းချက် လူတိုင်းပေ
ရှာဖွေလေ တွေ့စမြဲ၊
နားမျက်စိ ချိန်ခွင်လျှာကို
ဘက်ညီစွာ ရှုမြင်ပွားတော့
အားသာချက် ကဲ။ ။

**စန်းထက်(ဖန်ခါးမြေ)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ကိုယ်ပိုင်ရွေးချယ်နိုင်ခွင့်

ဇော်လေး

**"ပစ္စုပ္ပန်တည်တည်သာ နေထိုင်ပါ။**
**အတိတ်ကို မပြန်နဲ့၊**
**အနာဂတ်ကို မမျှော်နဲ့၊**
**ပစ္စုပ္ပန်မှာသာ တည်တည်ရှိရမှာဖြစ်တယ်။"**
**ဂေါတမမြတ်စွာဘုရား**
**(ဘဒ္ဒေကရတ္တသုတ္တန်)**

**လက်ရှိအချိန်**

တကယ်အစစ်အမှန် မိမိတို့ လုပ်ဆောင်ကိုင်တွယ်နိုင်ခွင့်ရှိတာ၊ လုပ်နိုင်စွမ်းရှိနေတာက လက်တွေ့ပစ္စုပ္ပန်ဆိုတဲ့အချိန်သာဖြစ်ပါတယ်။ သို့ပေမယ့် လွန်လေပြီးတဲ့ အဝေးက အတိတ်ဖြစ်စဉ်တွေ၊ နီးကပ်တဲ့ အတိတ်အဖြစ်အပျက်၊ လတ်တလော ကုန်လွန်ပြီးသွားလိုက်တဲ့ အတိတ်ကာလတွေ စိတ်ကတွေးတောစဉ်းစား၊ တွေဝေငေးမော။

မရောက်လာသေးတဲ့ အနာဂတ်အတွက်လည်း ကြိုတင်တွေးခေါ်၊ မျှော်မြင်၊ စီစဉ်၊ ဆောင်ရွက်၊ ပူပန်၊ သောကတွေဖြစ်၊ တစ်ခါတစ်ရံ စိုးရိမ်ကြောက်လန့်မှုတွေများပြီး အိပ်လို့မပျော်၊ စားလို့မဝင်၊ နေလို့မရှင်၊ ထိတ်လန့်မှုကြောင့် အစားပျက် အအိပ်ပျက်ဖြစ်။

သေပြီးတဲ့လူ ပြန်မရှင်ပေမယ့် သေခဲ့တဲ့သူကိုပဲ လွမ်းဆွတ် တသ သတိရ။ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်မလာခဲ့ဘဲ မဖြစ်ချင်တာတွေ ဖြစ်လာခဲ့တာတွေ ရှိခဲ့ပေတာပေါ့။ ဖြစ်လာတဲ့အခြေအနေမှာ ကိုယ့်လက်ထဲရှိနေတဲ့ ပစ္စုပ္ပန်အချိန်ကို အပြည့်အဝ အကောင်းဆုံးသုံးရမှာ။

**ကံစီမံရာ**

အရာရာအကြောင်းကြောင်းကတော့ အကောင်းအဆိုးဟူသမျှဟာ ကံစီမံရာပါပဲ။ ကံဆိုတာက တန်ခိုးရှင် ဖန်ဆင်းရှင်တွေ ပြုလုပ်တာတော့မဟုတ်ပါဘူး။ နတ်ဒေဝတာတွေ၊ နတ်ကောင်း၊ နတ်ဆိုးတွေ စီရင်ဖန်တီးနေခြင်းမျိုးလည်းမဟုတ်ဘူး။ ကိုယ်ပြုတဲ့ကံသာပဲ ပဲ့တင်သံလိုပဲ၊ ကိုယ့်ဆီတို့ပြန်ရောက်ရှိလာတာချည်းပဲ။ ကောင်းကောင်းဆိုးဆိုး တွေ့ကြုံသမျှအားလုံးကတော့ အတိတ်က ကိုယ်ပြုခဲ့တာတွေရဲ့ အကျိုးဆက်တွေပါပဲ။ မမြင်နိုင်ပေမယ့် အကြောင်းအကျိုးနိယာမသဘောဓမ္မလေ။ လွဲချော်ပြီး သူဖြစ်ချင်ရာ ပရမ်းပတာဖြစ်လာနေခြင်းမဟုတ်။ ပဋ္ဌာန်းတရား၊ ပဋိစ္စသမုပ္ပါဒ်တရားတွေအရ။

ကောင်းတဲ့ကုသိုလ် ပုညအပြုအမူ၊ အပြောအဆို၊ အတွေးအမြင်တွေနဲ့ သတိလက်ယာ၊ ပညာလက်ဝဲပြုခဲ့ရင် ကောင်းကျိုးတွေသာ မလွဲမသွေလာမှာပဲ။ မကောင်းတဲ့အပြုအမူ၊ အလုပ်အကိုင်၊ အပြောအဆို၊ အတွေးအမြင်တွေကို သတိလက်လွတ်၊ ပညာအဆင်ခြင်ကင်းမဲ့စွာလုပ်ခဲ့မိရင် ဆိုးကျိုးတွေကျရောက်တွေ့ကြုံရပေမယ်။ ကိုယ်ဖန်တီးနိုင်တာပစ္စုပ္ပန်။ အတိတ်ကံကိုတော့ မိမိမပြောင်းလဲနိုင်။ ပစ္စုပ္ပန်မှာ မိမိရွေးချယ်ခွင့်ရှိနေတယ်။

အနာဂတ်ဆိုတာက လုံးဝမရေရာသေး၊ ကြိုပြီး ကိုယ်လည်း မြင်နိုင်တာမဟုတ်၊ မြင်ရတာမဟုတ်။ မှန်းဆချက်၊ တွက်ဆလို့တော့ ထင်ကြေးပြောကြတာပေါ့။ ဟောတာအလွန်မှန်တတ်ပါတယ်ဆိုတဲ့ ဗေဒင်ဆရာတွေတောင် တိတိကျကျကြီးတော့ ပြောလေ့မရှိ။ ယေဘုယျကျတာနဲ့ ဝေဝေဝါးဝါး အနက်ကောက်လို့ရတာမျိုးပဲ ဟောလေ့ရှိတာပဲ။ သတိထားကြည့်ရင်သိမှာပါ။

**ထောင်စုသစ်**

၂၁ ရာစုဟာ ၂၀ ရာစု၊ ၁၉ ရာစုနဲ့ မတူဘူးတဲ့။ မှန်တာပေါ့။ ၁၉ ရာစု၊ ၂၀ ရာစုဆိုတာတွေက ဒုတိယထောင်စုနှစ် (Second Millennium) ထဲမှ အကြီးအကျယ် ပြောင်းလဲရွေ့လျားသွားခဲ့တာလေ။ ဘယ်ကိုကူးပြောင်းရောက်ရှိသွားတာလဲဆိုတော့ တတိယထောင်စုနှစ်ထဲသို့ဖြစ်ပါတယ်။ (The Third Millennium) အရင်ကနဲ့ လုံးဝကွဲပြားခြားနားတဲ့

❖ **ကံဆိုတာက တန်ခိုးရှင် ဖန်ဆင်းရှင်တွေ ပြုလုပ်တာတော့မဟုတ်ပါဘူး။ နတ်ဒေဝတာတွေ၊ နတ်ကောင်း၊ နတ်ဆိုးတွေ စီရင်ဖန်တီးနေခြင်းမျိုးလည်းမဟုတ်ဘူး။ ကိုယ်ပြုတဲ့ကံသာပဲ ပဲ့တင်သံလိုပဲ၊ ကိုယ့်ဆီတို့ပြန်ရောက်ရှိလာတာချည်းပဲ။ ကောင်းကောင်းဆိုးဆိုး တွေ့ကြုံသမျှအားလုံးကတော့ အတိတ်က ကိုယ်ပြုခဲ့တာတွေရဲ့ အကျိုးဆက်တွေပါပဲ။ မမြင်နိုင်ပေမယ့် အကြောင်းအကျိုးနိယာမသဘောဓမ္မလေ။ လွဲချော်ပြီး သူဖြစ်ချင်ရာ ပရမ်းပတာဖြစ်လာနေခြင်းမဟုတ်။ ပဋ္ဌာန်းတရား၊ ပဋိစ္စသမုပ္ပါဒ် တရားတွေအရ။ ကောင်းတဲ့ကုသိုလ် ပုညအပြုအမူ၊ အပြောအဆို၊ အတွေးအမြင်တွေနဲ့ သတိလက်ယာ၊ ပညာလက်ဝဲပြုခဲ့ရင် ကောင်းကျိုးတွေသာ မလွဲမသွေလာမှာပဲ။** ❖

အချိန်ကာလ ခေတ်အပိုင်းအခြားပဲ။ ဒီတော့ တောတောင်ရေမြေ၊ အခြေအနေ၊ သဘာဝရာသီဥတု၊ မြို့ရွာလူနေမှု၊ အဆောက်အအုံတွေ စသဖြင့် သိသိသာသာရော၊ မသိမသာရော၊ အကြီးအကျယ်ပြောင်းလဲသွားနေပါပြီ။

နိုင်ငံခြားမရောက်ဖူးတဲ့လူတစ်ယောက်က အလုပ်ရှာဖို့ အလုပ်လုပ်ဖို့သွားတာ မလေးရှား၊ စင်ကာပူနိုင်ငံမြို့ကြီးတွေရောက်တဲ့အခါ အံ့ဩငေးမော၊ သူ့အမြင်မှာ နတ်ဘုံနတ်နန်းလေးလားပေါ့။ သူက ရန်ကုန်နဲ့ မန္တလေးတောင် မရောက်ဖူးတဲ့ တောသားလေ။ သူ့ရွာနဲ့ လေး၊ ငါးမိုင်ဝေးတဲ့မြို့လေးလောက်ပဲ ရောက်ဖူးတဲ့လူငယ်။ တက္ကသိုလ်၊ ကောလိပ်လည်း မတက်ခဲ့ဖူးဘူး။ သူက ရေခြားမြေခြားနိုင်ငံခြားကို တအံ့တသြအထင်ကြီးပြီး သူ့ဆွေမျိုးတွေ ဟိုက လက်ကိုင်ဖုန်းနဲ့ ပြောပြနေတာပေါ့။ ဒါဟာ ဘာမှမဆန်းပါ။ အရှေ့တောင်အာရှဖွံ့ဖြိုးနေတဲ့နိုင်ငံတွေဟာ လွန်ခဲ့တဲ့အနှစ် ၅၀ အတွင်း တိုးတက်ပြောင်းလဲသွားကြတာပါ။

**ငရဲလား**

အဆိုတော် မာမာအေး ၂၀၂၄ ခုနှစ်ထဲမှာ အမေရိကန်မြို့တစ်မြို့မှာ အသက် ၈၂ နှစ် ကွယ်လွန်သွားခဲ့တယ်။ သူ့အကြောင်းတွေ၊ သူ့တေးတွေ၊ သူနောက်ဆုံး နေထိုင်သွားတာတွေရိုက်ပြတော့ ကြည့်ရသူတွေ မြင်ရသိရတာပေါ့လေ။ ဘာမဆိုင်ညာမဆိုင် လူတစ်ယောက်က သူ့စိတ်ထဲရှိရာရေးချလိုက်တာလည်း ဖတ်ရပါရဲ့။

"တို့ပြည်က ငရဲ၊ ဟိုက နိဗ္ဗာန်ပဲ"တဲ့။

သူမြင်ရာကြည့်ပြီး သူထင်ရာရေးတော့တာပဲ။

သူဟာ တို့ပြည် တို့နိုင်ငံကို နေရာစုံအောင်တောင် ရောက်ဖူးပါရဲ့လားမသိ။ လူ့ဘုံဆိုတာ ငရဲတော့ ဘယ်ဖြစ်နိုင်ပါ့မလဲကွယ်။ အနောက်နိုင်ငံတစ်ခုဟာလည်း တကယ်တော့ နိဗ္ဗာန်နဲ့ လားလားမှ မထင်ဟပ် မတင်စားထိုက်ပါ။ တကယ်တော့ သူက နိဗ္ဗာန်ဆိုတာလည်း ဘုံတစ်ခုလို့ပဲ ယူဆချင်ယူဆနေမှာပါ။ ဒါအတွက်လည်း ထိုသူကို အပြစ်မတင်လိုပါလေ။ စာရေးဆရာထင်ရှားကျော်ကြားသူတွေပင်လျှင် "နိဗ္ဗာန်ဘုံပျောက်ဆုံးခြင်း"ဆိုတဲ့ ဝတ္ထုခေါင်းစဉ်နာမည်နဲ့ ဝတ္ထုရှည်ရေးခဲ့ကြတာပဲကွယ်။ Paradise=ကောင်းကင်ဘုံ (နိဗ္ဗာန်မဟုတ်ပါ) လွဲတယ်နော်။

တကယ်တော့ နိဗ္ဗာန်ဆိုတာ ကာမ(၁၁)ဘုံမှာလည်းမပါဘူး။ အလုံးစုံသော ဘုံသုံးပါးရဲ့ (၃၁)ဘုံမှာလည်း မပါဝင်ပါဘူး။ အကျယ်ပြောရရင် အဘိဓမ္မာတရားတော်ထဲက ဘုံပိုင်းဆိုတဲ့ ဘူမိဘာသာရပ်ကိုရှင်းပြရမှာပါ။ ကျမ်းတစ်စောင်တစ်ဖွဲ့မို့ ဆောင်းပါးတစ်ပုဒ်တည်းနဲ့ ရှင်းလို့မရနိုင်။ နိဗ္ဗာန်ဆိုတာ ဘုံမဟုတ်ပါ။ ထင်ရာမြင်ရာစိတ်ထဲရှိတာ လက်ကိုင်ဖုန်းထဲ ကိုယ်ရေးချင်တာရေးတာပဲ ဘာဖြစ်လဲ။ ဩော် . . . အေး စကားက လေထဲပျောက်ကွယ်သွားတယ်။

သို့သော် စာလုံး၊ စာကြောင်း၊ စာပိုဒ်ကတော့ အင်မတန် ခိုင်မာ၊ မြဲမြံ၊ လေးနက်၊ အကျိုးဆက်သက်ရောက်မှုက ပြင်းထန်ထိရောက်တတ်တာမို့ ဘာစာပဲရေးရေး အောက်ပါအချက်တွေတော့ စဉ်းစားချင့်ချိန်ပြီးမှသာ ရေးရပါမယ်။

**သိတတ်ရ**

ကောင်းစွာခွဲခြား အပြားအားဖြင့် သိတတ်သောဉာဏ်အမြင်တရားလေးပါးလို့ ခေါ်ဆိုနိုင်ပါတယ်။ သမ္ပဇဉ်တဲ့။

၁။ အမှုကိစ္စတစ်ခုခုကို ပြုလုပ်မယ်ဆိုရင် ဒါဟာ အကျိုးရှိသလား၊ အကျိုးမဲ့သလား၊ ဆင်ခြင်ဉာဏ်ကြီးကဲမှုရှိခြင်း= **သတ္ထက သမ္ပဇဉ်**။

၂။ ဘယ်အရာမျိုးမဆို အကျိုးပင်ရှိသော်လည်း မိမိနဲ့သင့်တော်လျောက်ပတ်ဖွယ် ဖြစ်ပါရဲ့လား၊ မဖြစ်ဘူးလား၊ စဉ်းစားချင့်ချိန်ခြင်း= **သပ္ပာယသမ္ပဇဉ်**။

၃။ မည်သည့်အရာမျိုးမဆို မှောက်မှားတွေဝေ တိမ်းပါးချွတ်ချော်ခြင်းမဖြစ်စေရန် ဆင်ခြင်ခြင်း=**အသမ္မောဟ သမ္ပဇဉ်**။

၄။ သွားလာကျက်စားရာ၌ (ပါဝင်ရေးသားရာ၌) တိမ်းပါးချွတ်ချော်ခြင်းမဖြစ်စေရန် ဆင်ခြင်ဉာဏ်ကြီးကဲခြင်း= **ဂေါစရ သမ္ပဇဉ်**။

သမ္ပဇဉ်ဆိုတာ မြန်မာစကားလုံးပါ။ မူရင်းပါဠိဝေါဟာရ သမ္ပဇညကနေ ပြောင်းလဲဆင်းသက်ပြီး မွေးယူလိုက်တဲ့စကား။ ပါဠိသက်ဝေါဟာရ သို့မဟုတ် ပါဠိပျက်၊ မြန်မာစာလုံး။ မြန်မာစာထဲမှာ မွန်စကား၊ ရှမ်းစကားတွေလည်း ပါနေတာပါပဲ။

နားထောင်တဲ့လူ၊ ဖတ်ရှုတဲ့သူကို မှန်လည်းမမှန်တဲ့အပြင် ကောင်းကျိုးတစ်စုံတစ်ရာလည်း မရစေနိုင်တဲ့ အပြောအဆို၊ အရေးအသားမျိုးကို တတ်နိုင်သမျှ ကင်းကင်းရှင်းရှင်း ဝေးဝေးရှောင်ကြဉ်သင့်ပေတယ်။ အဲသလိုစကားမျိုးကို **သမ္ဖပ္ပလာပဝါစာ**= နားထောင်သူတို့အား အကျိုးမရှိ လုပ်ပျက်ကိုင်ပျက်စကားဖျင်း။

**ကေား**

စကားဖျင်းဆိုတဲ့ သမ္ဖပ္ပလာပဝါစာက မပြောအပ်တဲ့စကား၊ မဆိုသင့်တဲ့စကား။ ကိုယ်ပိုင်လက်ကိုင်ဖုန်းပေါ်မှာ စာလုံးရိုက်ပြီး မိမိရေးချင်တာ ရေးလို့ရနေတော့ သတ်ပုံ၊ သဒ္ဒါ၊ ဝါကျဖွဲ့ထုံး၊ မြန်မာစာရေးထုံးတွေလည်း မှားချင်မှား၊ လွဲချင်လွဲ၊ ချော်ချင်တာချော်၊ ရေးချင်ရာရေးနေကြသူတွေရှိနေခဲ့တယ်။ ဒါက ဥပဒေနဲ့ တားဆီးအရေးယူရမှာမဟုတ်ဘဲ လူမှုကျင့်ဝတ်၊ လူ့ဂုဏ်သိက္ခာနဲ့လျော်ညီအောင်ပဲ ပြောဆိုရေးသားကြရမှာမဟုတ်လား။

ညစ်ညမ်းရိုင်းစိုင်းစွာ ပုတ်ခတ်ဆဲရေးနေတာမျိုး ရေးသူရော၊ ဖတ်သူရော၊ ဘယ်သူမဆို အကျိုးမရှိစေနိုင်တဲ့ မိုက်မဲတဲ့စကားတွေ ရေးတင်နေတာလည်း တွေ့ကြရတယ်။ မိမိတို့လူငယ်ဘဝက အမေရိကန် ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားတချို့မှာ မအေနှမကိုင်ဆဲနေကြတာကို အများကြီးကြားရတော့ အံ့ဩတယ်။"ဟ အမေရိကန်ကောင်တွေက ရိုင်းလှချေလား။ နွတ်ကြမ်း၊ အာကြမ်း၊ စရိုက်ကြမ်းနဲ့ ပညာနည်းနဲ့ကောင်တွေပဲဟ"လို့ အထင်သေးမိ။ အလိုလေး၊ ယခုခေတ်မှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးထဲက စာမတတ်ပေမတတ်ရော၊ အချို့ကျောင်းပညာဘွဲ့တွေ၊ ဒီပလိုမာတွေရပြီးသားတွေရော၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆဲရေးကြတာ တွေ့ရတယ်။ ကြားရမြင်ရ စိတ်ပျက်စရာကောင်းတယ်။ လူမှုယဉ်ကျေးမှုဆိုတာ တစ်ဦးချင်းကသာ ပင်ကိုအသိစိတ်ဓာတ်နဲ့ ထိန်းသိမ်းကြရတာ။

**ယဉ်ကျေးပါ**

**ဓလေ့ထုံးတမ်းတွေ၊**
**နီတိကျင့်ဝတ်တွေ၊**
**ယဉ်ကျေးမှုအလေ့အထတွေ၊**
**သိအောင်လေ့လာ၊ လေးစားလိုက်နာ၊**
**အဲဒါမှ လူ့အဖိုးတန်၊ လူတော်လူမွန်။**

တိုးတက်သာယာတဲ့၊ ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ကြတာလေ။ ဆဲဆိုပုတ်ခတ် မိုက်ရိုင်းစော်ကားနေတဲ့ ခွေးလိုဟောင်၊ နွားလိုဒွေ၊ ကျွဲလိုခတ်၊ မြင်းလိုကန်၊ လူလိုမကျင့်သုံးတတ်သူတွေဖြစ်နေရင် မယဉ်ကျေးတော့ မအေးချမ်းမတည်ငြိမ်နိုင်ဘူးပေါ့။

**၂၁ ရာစု**

လူ့အဖွဲ့အစည်းဆိုတာ ပါဝင်သူ လူသားအားလုံးရဲ့ တစ်ဦးစီ လူ့အရည်အချင်းပြည့်ဝကြရမှာဖြစ်ပါတယ်။ ၁၈ ရာစုကနေပြီး ၂၀ ရာစုကာလ နှစ်ပေါင်း ၃၀၀ ကျော်ဟာ အနောက်တိုင်းက တစ်စတစ်စနဲ့ အဘက်ဘက်က လွှမ်းမိုးလာတဲ့ ယဉ်ကျေးမှုနဲ့ စီးပွားရေး၊ လူမှုရေးစီးဝင်ပြန့်နှံ့မှုပေါ့။ ခေတ်ရေစီးကြောင်းပြောင်းနေပြီလေ။

၂၁ ရာစုဟာ တတိယထောင်စုနှစ်ထဲသို့ ကူးပြောင်းတာဖြစ်သလို လူတော်တွေပေါ်ထွက်လာဖို့ လိုအပ်သလို အမျိုးဂုဏ် ဇာတိဂုဏ်ကို မြှင့်တင်နိုင်စွမ်းတဲ့ လူကောင်းတွေလည်း လိုအပ်ပေတာပဲ။ အာရှခေတ်ဟာ။

ဥပမာသာဓကတစ်ခုပဲ ကြည့်လိုက်ကြရအောင်-

**သမ္ဖပ္ပလာပဝါစာ ကေားဖျင်းတွေ၊ မုသာဝါဒတွေနဲ့ ပျော့ပါနှစ်မွှန်းနေမယ်ဆို ဘာဖြစ်လာမလဲ။**

**၁။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း (လူ့ဘဝ လူ့ဘုံ ပြန်ရောက်လာဖွယ်မမြင်)**
**၂။ လူအများရဲ့အမုန်းကို ခံရမယ်**
**၃။ မရှိမသေ မလေးစားခံရမယ်**
**၄။ အယုံအကြည် ကင်းမဲ့ခံရမယ်**
**၅။ ပညာနည်းပါးခြင်းလက္ခဏာ ပြသရာရောက်တယ်။**
**၆။ လာဘ်လာဘ နည်းမယ်**
**၇။ တန်ခိုးအာနုဘော် နည်းလိမ့်မယ်။**

ကဲ ဘာကောင်းကျိုးရှိလို့ ဒီလိုစကားမျိုးပြောဆိုရေးသားနေရမှာလဲကွယ်။ ပြောင်းလဲတိုးတက်မှုဆိုတာဟာ မိမိရဲ့ရွေးချယ်ဆုံးဖြတ်ချက်ပါပဲ။

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၄၀၀၁ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၄၀၀၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၀၀၁ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၇၅ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ မိုးစပါး ၄၀၀၁ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိအချိန်မှာလဲ စိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်း ကောင်းမွန်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ဖို့ အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ် ရိုးကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဇလွန် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရိုးကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်၊ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ရိုးကြီးကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ရိုးကြီးကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် အလျားငါးပေ၊ အနံပေ ၂၀၊ အမြင့် ခုနစ်ပေရှိ RC Box Culvert တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၇၈ ဒသမ ၇၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် Dwelling Place Construction ကုမ္ပဏီမှ ၂၀၂၃ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကုန်ထုတ်လမ်းဘေးဝဲယာရှိ စိုက်ပျိုးမြေဧက ၆၅၀ ကျော်မှ ထွက်ရှိသော လယ်ယာထုတ်ကုန်စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲဧက ၉၂၈၀ စိုက်ပျိုးပြီးစီး

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၉၂၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၉၂၈၀ ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မတ်ပဲသီးနှံဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ ဆောင်းသီးနှံအဖြစ် မတ်ပဲသီးနှံဧက ၉၂၈၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ဆောင်းမတ်ပဲသီးနှံတွေ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ မတ်ပဲသီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့နည်းပညာတွေနဲ့သွင်းအားစုတွေကို ရရှိအောင် ဆောင်ရွက်ပေးသလို အခြားစိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့ဌာနတွေနဲ့လဲ ချိတ်ဆက်ကူညီပံ့ပိုးပေးထားပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် မတ်ပဲသီးနှံများအပါအဝင် ဆောင်းသီးနှံများအားလုံး စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ မတ်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ မတ်ပဲသီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြောင်းကောက်ကျေးရွာအုပ်စု မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပဥ္စမစက်ဝန်းတွင် အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့်မြို့ပြကွာဟမှုလျော့ချနိုင်ရေးအတွက် လိုအပ်သောငွေကြေးနှင့်ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းမိုး**

# သန်လျင်မြို့နယ် သူဌေးကွင်းကျေးရွာ၌ Mobile Financial Payment ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Myanmar Citizens Bank နှင့်ပူးပေါင်း၍ သူဌေးကွင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က သူဌေးကွင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Payment စနစ် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး Myanmar Citizens Bankမှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့်နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Mobile Financial Payment စနစ်ဖြင့် သူဌေးကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ထူးခြားဆန်းပြားသော အရိုးစားတိရစ္ဆာန်များ

နိုင်ဇင်

အရိုးတွေကို စားသောက်တဲ့တိရစ္ဆာန်ဆိုတာ ထူးဆန်းနေပါလိမ့်မယ်။ အကြောင်းက တိရစ္ဆာန်တွေရဲ့အစာအိမ်အတွက် အရိုးတွေဟာ အစာကြေဖို့ခက်ခဲတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်လဲ တိရစ္ဆာန်တော်တော်များများက အရိုးကိုစားလေ့မရှိကြပါဘူး။ ဒါပေမဲ့လဲ ခြွင်းချက်ဆိုတာ အမြဲရှိစမြဲမို့ အရိုးစားတဲ့တိရစ္ဆာန်ဆိုတာ လုံးဝမရှိတာတော့မဟုတ်ပါဘူး။ အဲဒီအရိုးစားတဲ့တိရစ္ဆာန်တွေထဲက အချို့တိရစ္ဆာန်တွေရဲ့အကြောင်းကို ဖော်ပြသွားပါမယ်။

**မုတ်ဆိတ်ပါ လင်းတ**



လင်းတအများစုကတော့ အပုပ်အသိုးတွေ၊ တိရစ္ဆာန်အသေကောင်တွေကို စားသောက်တတ်ကြတာ လူတိုင်းသိပါတယ်။ လင်းတမျိုးစိတ်တွေထဲက မုတ်ဆိတ်ပါလင်းတတွေကတော့ အရိုးကိုအဓိကစားကြပါတယ်။ ဒါကြောင့် မုတ်ဆိတ်ပါ လင်းတတွေစားတဲ့ အစာရဲ့ ၉၀ ရာခိုင်နှုန်းဟာ အရိုးတွေဖြစ်နေတာဖြစ်ပါတယ်။

မုတ်ဆိတ်ပါလင်းတတွေရဲ့ အစာအိမ်ကထွက်တဲ့ အစာခြေအက်စစ်တွေဟာ အားကောင်းတာကြောင့် အရိုးလိုမာတဲ့အစာတွေကို ချေဖျက်ပေးနိုင်ပါတယ်။ ဒါပေမဲ့ အရိုးအကြီးကြီးတွေဆို မျိုချဖို့ရာ မလွယ်ကူတဲ့အတွက် မုတ်ဆိတ်ပါလင်းတတွေက စားမဲ့အရိုးတွေကိုချီပြီး အမြင့်ကနေပစ်ချကာ အရိုးတုံးသေးသေးလေးဖြစ်အောင်လုပ်ကာ စားကြသလို အရိုးထဲကထွက်လာတဲ့ ရိုးတွင်းခြင်ဆီကိုလဲ စားကြပါတယ်။

**ဟိုင်အီးနား**



ဟိုင်အီးနားတွေဟာ ဝံပုလွေနဲ့ ခပ်ဆင်ဆင်တူတဲ့တိရစ္ဆာန်တွေဖြစ်ပြီး စိတ်ဓာတ်တက်ကြွတဲ့အခါ ထူးထူးဆန်းဆန်းရယ်သံလိုလိုအသံကြီး ပြုလုပ်တတ်ကြတဲ့အပြင် အသွင်သဏ္ဍာန်ကလဲ မနှစ်မြို့ဖွယ်ကောင်းလှပါတယ်။ ဟိုင်အီးနားတွေမှာ အတော်ကိုသန်မာတဲ့မေးရိုးတွေရှိပါတယ်။ မျိုးစိတ်ပေါ် မူတည်ပြီး ဟိုင်အီးနားတစ်ကောင်နဲ့တစ်ကောင်ကိုက်အားမတူကြပါဘူး။ ပုံမှန်ကတော့ ဟိုင်အီးနားတစ်ကောင် အကိုက်ခံရတဲ့အခါ ဖိအားပေါင် ၈၀၀ အားလောက်နဲ့ ဖိလိုက်သလိုကိုပြင်းထန်လှပါတယ်။ အသားနဲ့အရိုးကို မှုမှုတတစားတဲ့ ဟိုင်အီးနားတွေအတွက် လိုအပ်တဲ့ ကယ်လ်စီယမ်နဲ့ ဖော့စဖရတ်တွေကို အရိုးတွေကနေပေးစွမ်းနိုင်ပါတယ်။

**ဂရစ်ဇ်လီဝက်ဝံ**

ဂရစ်ဇ်လီဝက်ဝံတွေဟာ ဆောင်းရာသီရောက်တဲ့အခါ ဆောင်းခိုကြပါတယ်။ ဆောင်းခိုတဲ့အခါ ဂရစ်ဇ်လီဝက်ဝံတွေဟာ လေးလံထိုင်းမှိုင်းသွားတတ်ကြပြီး အစားအစာကို မစားမသောက်တော့ဘဲ အရင်က ခန္ဓာကိုယ်တွင်း သိုလှောင်ထားတဲ့အဆီတွေကို လောင်ကျွမ်းစေကာ ဆောင်းခိုကြတဲ့အတွက် ခန္ဓာကိုယ်မှာကယ်လ်စီယမ်နဲ့ ဖော့စဖရတ်တို့လို အာဟာရဓာတ်



တွေဟာ တဖြည်းဖြည်းနဲ့ချို့တဲ့လာပြီး လှုပ်ရှားရာမှာခက်ခဲလာပါတယ်။

အဲဒီလိုအပ်တဲ့ အာဟာရကိုဖြည့်ဆည်းဖို့ ဂရစ်ဇ်လီဝက်ဝံတွေဟာ တိရစ္ဆာန်ရဲ့အရိုးတွေနဲ့ သမင်ချိုတွေကိုစားသုံးပြီး ပြန်လည်ဖြည့်တင်းကြပါတယ်။ ဒီလိုနဲ့ လိုအပ်တဲ့အာဟာရဓာတ်တွေကို အရိုးတွေ စားပြီးဖြည့်လိုက်တဲ့ ဂရစ်ဇ်လီဝက်ဝံတွေဟာ ပုံမှန်အတိုင်းဖြစ်သွားတဲ့အခါမှာတော့ အင်းဆက်ပိုးမွှားတွေ၊ ဘယ်ရီသီးတွေနဲ့ ငါးတွေကို ပြန်စားပါတော့တယ်။

**ဖြူကောင်**



ဖြူကောင်တွေဟာ ရာသီဥတုကိုလိုက်ပြီး အစာကိုရွေးချယ်စားတတ်တဲ့ တိရစ္ဆာန်တွေဖြစ်ပါတယ်။ သာမန်အချိန်တွေမှာ အရွက်၊ ဘယ်ရီသီးနဲ့ သစ်ပင်အခေါက်တွေကို စားတဲ့ဖြူကောင်တွေဟာ အရိုးတွေကိုလဲ တမြုံ့မြုံ့နဲ့စားတတ်တဲ့ တိရစ္ဆာန်တွေဖြစ်ပါတယ်။ ဖြူကောင်တွေဟာ ရာသီမရွေး စားလို့ရတဲ့အရိုးတွေကို နေထိုင်ရာတွင်းထဲမှာ စုဆောင်းသိမ်းဆည်းထားတတ်ပါတယ်။ မာတဲ့အရိုးတွေကို တမြုံ့မြုံ့ဝါးတာဟာ သွားတွေတုံးပြီး သွားအကြီးကြီးတွေဖြစ်တာကို ကာကွယ်ပေးနိုင်သလို သွားတွေကိုလဲ ထက်စေပါတယ်။

**သစ်ကုလားအုတ်**



သစ်ကုလားအုတ်တွေဟာ သစ်ရွက်တွေနဲ့ မြက်ပင်တွေလို အသီးအရွက်တွေကို အဓိကအားထားစားကြသလို ရံဖန်ရံခါအရိုးတွေကိုလဲ စားတတ်ကြပါတယ်။ သစ်ကုလားအုတ်ရဲ့ ခန္ဓာကိုယ်အရိုးအဆစ်တွေဟာ အခြားတိရစ္ဆာန်တွေနဲ့မတူတဲ့အတွက် အသီးအရွက်တွေ စားရုံနဲ့မရရှိနိုင်တဲ့ လိုအပ်တဲ့ကယ်လ်စီယမ်နဲ့ဖော့စဖရတ်ဓာတ်တွေကို ဖြည့်စွက်ဖို့ အရိုးတွေကို စားပေးရပါတယ်။

သစ်ကုလားအုတ်တွေက အရိုးကိုစားတယ်ဆိုပေမဲ့ သူတို့ရဲ့အစာအိမ်က မာတဲ့အရိုးကိုမချေဖျက်နိုင်တဲ့အတွက် အရိုးကိုသွားနဲ့ဝါးပြီး ထွက်လာတဲ့အာဟာရကိုစုပ်ကာ ပြန်ထွေးပစ်တတ်ကြပါတယ်။ အရိုးတွေအပြင် သစ်ကုလားအုတ်တွေဟာ သမင်ချိုနဲ့ ဆင်စွယ်တွေကိုလဲ စားကြပါသေးတယ်။

**အရိုးစားသန်ကောင်**



အရိုးစားသန်ကောင်တွေဟာ အရိုးကိုသာအဓိကစားကြတဲ့ ပင်လယ်နက်ထဲမှာတွေ့ရတဲ့ အကောင်တွေဖြစ်ပါတယ်။ အရိုးစားသန်ကောင်တွေဟာ ဝေလငါးအသေရဲ့ ခန္ဓာကိုယ်အတွင်းကို ထွင်းဖောက်ဝင်ရောက်ကာ ဝေလငါးရဲ့အရိုးအတွင်းမှာရှိတဲ့ ရိုးတွင်းခြင်ဆီကို စားကြပါတယ်။ အရိုးစားသန်ကောင်တွေဟာ အရိုးကိုသာစားပြီး အခြားအစာတွေကိုစားတာတော့ နည်းပါးပါတယ်။ အရိုးစားသန်ကောင်တွေမှာ အရိုးတွေကိုအရည်ပျော်စေတဲ့ အက်စစ်တစ်မျိုးကိုထုတ်တဲ့ အင်ဂိုင်းတွေပါပါတယ်။ အရိုးစားသန်ကောင်တွေဟာ အရိုးကိုအရည်ပျော်အောင် အက်စစ်ကိုထုတ်ပြီး အရိုးအရည်ပျော်လို့ထွက်လာတဲ့ အရိုးအတွင်းက အဆီအနှစ်နဲ့ ပရိုတင်းတွေကို စားသောက်ကြပါတယ်။

**မိကျောင်း**



မိကျောင်းတွေဟာ သားကောင်ကိုဖမ်းမိတဲ့အခါ တစ်ကောင်လုံးကို မျိုပြီးစားတတ်ပါတယ်။ မျိုလိုက်တဲ့တိရစ္ဆာန်မှာ အရိုးကောအသားပါပါတာကြောင့် မိကျောင်းကအရိုးတွေကို စားကြတယ်လို့ ဆိုတာပဲဖြစ်ပါတယ်။ မိကျောင်းတွေဟာ အဲဒီလိုတစ်ကောင်လုံးကိုမျိုပြီး စားတာဖြစ်တဲ့အတွက် အစာစားပြီးရင် ရက်သတ္တပတ်ကနေ လအတော်ကြာတဲ့ထိ အစာမစားဘဲနေနိုင်ပါတယ်။

မာတဲ့အရိုးတွေကိုအစာအိမ်က ခြေဖျက်ဖို့အတွက် အစာအိမ်ကျောက်လို့ခေါ်တဲ့ Gizzard Stones တွေကို မိကျောင်းတွေက ရည်ရွယ်ချက်ရှိရှိ ကြိုစားထားလေ့ရှိကြပါတယ်။ အဲဒီကျောက်တွေဟာ အရိုးလိုမာကျောတဲ့အရာတွေကို ခြေဖျက်ရာမှာ ကူညီပေးပြီး ကောင်းစွာကြေညက်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။

တိရစ္ဆာန်တွေဟာ လူသားတွေလို ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ အာဟာရတွေကို ဆေးစားဆေးသောက်ပြီး မဖြည့်ဆည်းနိုင်ကြပါဘူး။ အရိုးလို သဘာဝအတိုင်းဖြစ်တည်နေတဲ့ အရာတွေကိုစားပြီး သူတို့အတွက် လိုအပ်တဲ့ကယ်လ်စီယမ်နဲ့ ဖော့စဖရတ်ဓာတ်တွေကို ဖြည့်တင်းကြတာ ဖြစ်ပါတယ်။ အခုဖော်ပြခဲ့တာကတော့ ထူးခြားဆန်းပြားတဲ့ အရိုးစားတိရစ္ဆာန်တွေအကြောင်းပဲ ဖြစ်ပါတယ်။

**ကိုးကား**

- **Animals That Eat Bones**
- **Eating bones effects on Animals**

# တျာချင်းရဲ့သခင် ဝန်ကြီးပဒေသရာဇာ

ပြေအေးသက်

မြန်မာစာပေသမိုင်းတွင် နတ်ရှင်နောင်နှစ်ယောက်ရှိသည်ဟုဆိုလျှင် ရတုတို့၏သခင်နတ်ရှင်နောင်သာရှိသည်ဟုဆိုကြပေမည်။ အမှန်တကယ် နတ်ရှင်နောင်ဘွဲ့ကိုရသောသူတစ်ဦးထပ်မံရှိပေရာ ထိုသူမှာ ဝန်ကြီးပဒေသရာဇာပင်ဖြစ်သည်။ ညောင်ရမ်းခေတ်က ဝန်ကြီးပဒေသရာဇာကို "နွေဦးကာလ၊ မြူထသောအခါ၊ ရင်းထောင်ရင်းစွဲ၊ ဆောင်မြဲအိုးလွယ်ကာ" ဆိုသည့် ထန်းတက်သမားတျာချင်းကဗျာနှင့်တွဲ၍ သိကြသည်။ ဝန်ကြီးပဒေသရာဇာသည် တျာချင်းကဗျာကို တီထွင်စပ်ဆိုသည့်ကဗျာရှင်ဖြစ်ပြီး နန်းအကြောင်း၊ နန်းအဖွဲ့ ကဗျာအမျိုးအစားများကြားတွင် ပြည်သူလူထုအကြောင်းကိုဖွဲ့ဆိုသည့် ကဗျာအမျိုးအစားကို စပ်ဖွဲ့ခဲ့သူဖြစ်ကြောင်းကို ၎င်းစပ်ဆိုခဲ့သည့်တျာချင်းကဗျာများအနက်မှ လက်ရှိတွေ့ရှိနေရသည့် တျာချင်းခြောက်ပုဒ်ကိုကြည့်ပါက သိရှိနိုင်သည်။

**ဒုတိယအင်းဝ သို့မဟုတ် ညောင်ရမ်း**

ပထမအင်းဝမြို့ကြီးကို သတိုးမင်းဖျားသည် သက္ကရာဇ် ၇၂၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ထို့နောက် သက္ကရာဇ် ၈၈၈ ခုနှစ်တွင် မြို့ပျက်ခဲ့သည်။ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် ညောင်ရမ်းမင်းက အင်းဝမြို့ကို ဒုတိယအကြိမ် ပြန်လည်တည်ထောင်ခဲ့ရာ နှစ်ပေါင်း ၇၁ နှစ်ခန့်ကြာခဲ့ပြီးမှ ဒုတိယအင်းဝခေါ် ညောင်ရမ်းခေတ် ပြန်စသည်ဟုဆိုရပေမည်။ ဝန်ကြီးပဒေသရာဇာသည် ညောင်ရမ်းမင်းဆက် ၁၀ ဆက်၏ နောက်ဆုံးမင်းဆက်လေးဆက်တွင် ပေါ်ခဲ့လေသည်။ ထိုမင်းလေးဆက်မှာ အင်္ဂါမင်း၊ စနေမင်း၊ တနင်္ဂနွေမင်းနှင့် ကြာသပတေးမင်းတို့ဖြစ်သည်။ အင်္ဂါမင်းလက်ထက် သက္ကရာဇ် ၁၀၄၇ ခုနှစ်တွင် ဝန်ကြီးပဒေသရာဇာကိုယ်တိုင်ရေးသည့် သမုဒ္ဒယောသပျို့အရ ဝန်ကြီးပဒေသရာဇာသည် အင်းဝသားမဟုတ်ဘဲ ပုလဲမြို့နယ် မွေတုံရွာတွင်မွေးဖွားကြောင်း သိရသည်။ အဖဖြစ်သူမှာ ရွှေကြုပ်စားနှင့် အမိဖြစ်သူမှာ အချီတော်ဖြစ်သည်။ အဘိုးဖြစ်သူမှာလည်း ရွှေကြုပ်စားဝန်ပင်ဖြစ်သည်။

**ရွှေကြုပ်စားဝန်နှင့် အရှီတော်**

ဝန်ကြီးပဒေသရာဇာ၏ အဘိုး၊ အဖနှင့်အမိတို့၏ရာထူးနေရာဌာနကို သူဇာပျို့တွင် ထည့်သွင်းစပ်ဆိုခဲ့လေသည်။ "အဖိုးဝန်ထောက်၊ ဝုဏ်မြောက်ပြစ်ပြေ၊ စနည်းနေ၍၊ ရွှေကြုပ်စားဝန်၊ မတ်များမှူးခေါင်၊ ကုန်အောင်ထားတည်၊ မြောက်မည်ရည်ပင်၊ မရှည်ကာလ၊ အသက်လျှခဲ့"ဟုဆိုခဲ့သည်။ "ဘလည်းထို့တူ၊ ဇမ္ဗူရောင်ချိန်၊ ရွှေနန်းရိပ်ဝယ်၊ ခိုအိပ်မြဲရ၊ ရာကျအသင့်၊ လင်းပွင့်ချမ်းသာ၊ နေရာစနည်း၊ ကျော်သည်းဝန်စု၊ များစုစီးပွား၊ ရွှေကြုပ်စားသည်၊ သက်များမကြွယ်၊ ရွှေပြောင်းလွယ်သော်၊ ကြီးငယ်ရာဌာန်၊ ကောင်းဘို့ကျန်၍၊ ယူပြန်မရ၊ ရှုတနုမိ၊ နမြောရှိ၏"ဟုဆိုခဲ့ပြန်သည်။ အမိမှာလည်း မှူးမတ်ကတော်ဖြစ်ကြောင်း ဤသို့စပ်ဆိုခဲ့သည်။ "မိလည်းမျိုးနွယ်၊ စင်ကြယ်သန့်လှ၊ ဘုရားဘိုးတော်၊ ဘုန်းကျော်ထွတ်မြင့်၊ ရှင်ပင့်ချီတော်၊ မတ်ကတော်ဟု၊ ခေါ်ဝေါ်ရလျက်၊ ဆောင်ရွက်နေရာ၊ ကျေးရွာဆင့်ပြောင်း၊ စဉ်တိုင်းကောင်း၏"။ သို့ဖြစ်၍ အဘိုးနှင့် ဖခင်မှာ ရွှေကြုပ်စားဝန်များဖြစ်ကြပြီး မိခင်မှာ အိမ်ရှေ့မင်းသားအချီတော်ဖြစ်သည်။

**အရှီတော်သား**

အချီတော်၏သားဖြစ်သောကြောင့် မကြောင့်မကြနှင့်နေခဲ့ရပုံကို ဝန်ကြီးပဒေသရာဇာက ၎င်း၏ မဏိကတ်ပျို့နိဂုံးတွင် "သားတော်ရန်နင်း၊ အိမ်ရှေ့မင်း၏၊ ထံရင်းမခြား၊ ချီတော်သားလျှင်၊ ဖြစ်ခြားသည်ကြောင့်၊ မနှောင့်ဒုက္ခ၊ မွေးစကပင်၊ သုခပျော်ပျော်၊ လူဖြစ်တော်၏" ဟူ၍ ရေးဖွဲ့ထားသည်။ အချီတော်ဟူသော ဝေါဟာရကို ရွှေနန်းသုံးဝေါဟာရအဘိဓာန်၌ " ဧကရာဇ်မင်းမြတ်၏ သားတော်၊ သမီးတော်ဟူသမျှမှာ ခြေကျင်သွားလာခြင်း အလွန်နည်းပါးသည်။ နန်းတော်ပေါ်၌ တစ်ဆောင်မှ တစ်ဆောင်သို့ကူးသည့်အခါဖြစ်စေ ၊ ဥယျာဉ်တော်သို့ဆင်းသည့်အခါဖြစ်စေ၊ မင်းသား၊ မင်းသမီးကလေးကို ချီပွေ့၍ သော်လည်းကောင်း၊ ပခုံးထက်မှာ ထမ်း၍သော်လည်းကောင်း အလိုရှိရာအရပ်သို့ ရောက်အောင်သွားရသည်။ ထို့ကြောင့် ဤသူကို အချီတော် ခေါ်သည်"ဟုဆိုသည်။ ထိုအချီတော်များကို ကွပ်ကဲရသည့်သူကို အချီတော်ဝန်ဟုဆိုသည်။

**ဝန်ကြီးပဒေသရာဇာ**

ဝန်ကြီးပဒေသရာဇာသည် ငယ်စဉ်က မွေတုံရွာဆရာရိုးထံတွင် ပညာသင်ကြားခဲ့ပြီး အရွယ်ရောက်သောအခါတွင် အင်းဝသို့လာရောက်အမှုထမ်းခဲ့သည်။ စနေမင်းလက်ထက်တွင် စုရွေးစုကိုင်အဖြစ် အမှုထမ်း၍ ကဗျာလင်္ကာများကို ရေးသားခဲ့သည်။ တနင်္ဂနွေမင်းလက်ထက်တွင် လက်ဝဲရွှေတောင်ဘွဲ့ရရှိခဲ့ကာ မန်ကျည်းတုံရွာကိုစားစေပြီး ဝေါပလာမှူးရာထူးကို ရရှိခဲ့သည်။ တနင်္ဂနွေမင်း၏သားတော် မဟာဓမ္မရာဇာဓိပတိမင်းကို အချီတော်အဖြစ် ခစားထမ်းရွက်ရသည်။ ထိုမင်းသားက မင်းအဖြစ်ကိုရရှိသောအခါ ဘယကျော်သူဘွဲ့ဖြင့် ဇလွန်မြို့ကိုစားရသည်။ ၎င်းနောက် မင်းကျော်ထင်၊ မင်းရဲကျော်ထင်၊ မင်းရဲမင်းလှကျော်ထင်ဘွဲ့များ၊ နတ်ရှင်နောင်ဘွဲ့၊ ဘုန်းတော်မြတ်ဘွဲ့၊ အဂ္ဂမဟာသေနာပတိဘွဲ့၊ နတ်ရှင်ဘွဲ့၊ ပဒေသရာဇ်ဘွဲ့၊ ပဒေသရာဇာဘွဲ့၊ မြို့တွင်းနတ်ရှင်ဘွဲ့၊ မြို့တွင်းရှင်ဘုရင်ဘွဲ့များရရှိခဲ့သည်။ ဝန်ကြီး၏ မန်ကျည်းတုံရွာကား ခေလှသည့်ရွာမဟုတ်ပေ။ အကြောင်းကား သက္ကရာဇ် ၁၀၈၅ ခုနှစ်တွင် မောင်မြတ်စံခေါ် လက်ဝဲသုန္ဒရအမတ်ကြီးဖွားမြင်ခဲ့သောရွာဖြစ်သည်ဟုဆိုသည်။ ထိုရွာတွင်ပင် ဆရာကြီးရွှေဥဒေါင်းကိုလည်း ဖွားခဲ့သည်ဟုဆိုသည်။ တချို့ကလည်း မန္တလေးဇာတိဟုဆိုကြသည်။

**မိခင်အရှီတော်သားအရှီတော်**

ဝန်ကြီးပဒေသရာဇာ၏မိခင်ဖြစ်သူမှာ အင်္ဂါမင်း၏သားတော် အိမ်ရှေ့မင်းဖြစ်သူ စနေမင်းသား၏ အချီတော်ဖြစ်သလို သားဖြစ်သူ ဝန်ကြီးပဒေသရာဇာသည်လည်း တနင်္ဂနွေမင်း၏သားတော် အိမ်ရှေ့မင်းဖြစ်သူ ကြာသပတေးမင်းသား၏အချီတော်ဖြစ်ခဲ့ကြသည်။ စနေမင်းဘုရင်ဖြစ်သောအခါ မိခင်ဖြစ်သူကိုချီးမြှောက်ခဲ့သည့်နည်းတူ ကြာသပတေးမင်းခေါ် မဟာဓမ္မရာဇာဓိပတိမင်း ဘုရင်ဖြစ်သောအခါတွင်လည်း ဝန်ကြီးပဒေသရာဇာကို ချီးမြှောက်ခဲ့ပေသည်။ ထိုမင်း ဟံသာဝတီကို ပါတော်မူသည့်အခါတွင်လည်း ဝန်ကြီးပဒေသရာဇာသည် ဘုရင်နှင့်အတူ သန်လျင်ဘက်သို့လိုက်ပါသွားရသည်။ ဘုရင်နှင့်မိသားစုကို ဟံသာဝတီမင်းက ရေချစီရင်ခဲ့ပြီးနောက်တွင် ဝန်ကြီးကိုလည်း ရာထူးရာခံများပေးသော်လည်း လက်ခံခြင်းမရှိခဲ့တော့ပေ။ သန်လျင်သို့ရောက်ရှိပြီး ဝန်ကြီးအနေဖြင့် သန်လျင်ကျိုက်ခေါက်ဘုရား၏ ဝေယျာဝစ္စများဆောင်ရွက်ရင်း သုံးနှစ်ခန့်အကြာ သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင်ကွယ်လွန်ပြီး ဘုရားတောင်ကုန်း၏မြောက်ဘက်တွင် ဂူသွင်းမြှုပ်နှံခဲ့ရာ အဆိုပါအုတ်ဂူကို ယနေ့ထက်တိုင်မြင်နိုင်သည်။

**အသည်ဝန်ကြီး ပဒေသရာဇာ**

မဟာဓမ္မရာဇာဓိပတိမင်းသည် သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင်နန်းတက်၍ ဝန်ကြီးကို ဘယကျော်သူဘွဲ့နှင့်အတူ အသည်ဝန်ကြီးခေါ် စိုက်ပျိုးရေးဝန်ကြီးတာဝန်ထမ်းရွက်စေသည့်အခါတွင် ဝန်ကြီးသည် တာဝန်ထမ်းဆောင်ရင်း မြေပြင်တွင် လယ်သမား၊ ထန်းတက်သူ၊ ပိန်းကောလှေသမား၊ အညာလှေသမား၊ ဝန်တင်နွားသမားစသည်ဖြင့် ကျောက်ဆည်ဒေသနှင့် အင်းဝတစ်ခွင် ရောဝတီ၊ ဇော်ဂျီ၊ ပန်းလောင်ဒေသသို့ခရီးလှည့်လည်စဉ်က တွေ့ရှိရေးသားဖွဲ့သီခဲ့ဟန်တူသည်။ သို့ဖြစ်၍ ဝန်ကြီးပဒေသရာဇာ၏တျာချင်းများသည် အသည်ဝန်ကြီးဖြစ်သည့်ခုနှစ်တစ်ဝိုက်ခန့်တွင် ပေါ်ထွန်းခဲ့နိုင်ကြောင်း မှန်းဆရသည်။ ယခင်တျာချင်းဟူသောအဖွဲ့များသည် ပင်းယခေတ် သက္ကရာဇ် ၆၇၄ ခုနှစ်၊ ပင်းယသီဟသူမင်းလက်ထက်တွင်ရေးသားသည့် မိုးလှိုင်ကိုယ်တော်ပေမူတွင် "ခါးပတ်တော်မှာ ရွှေခြည်စုံ၊ မှိုင်းလုံးရွှေဝတ်လုံ၊ မယုံသာချမ်းအေးမြ၊ မိုးသောက်က ရောင်ဖြူလာတယ်ကို၊ ထိပ်ပန်းငယ် မြင်းခင်းကြွပါလို့လေး။ အလှငယ်လာမည့်လမ်းကို မျှော်ယောင်တမ်းလို့လေး။"ဆိုပြီး သီချင်းပထမပိုဒ်ကိုဖွဲ့ဆိုထားရာ တျာချင်း၏ရှေ့ပြေးအဖွဲ့များဟုဆိုကြသည်။ တစ်ဖန် သက္ကရာဇ် ၇၂၆ ခုနှစ်၊ သတိုးမင်းဖျားလက်ထက်၌ ရေးဖွဲ့သည်ဟုသိရသောသီချင်းတွင် "ဆိတ်စာငယ်လေ မှတ်တမဲ့၊ ငြီးငွေ့၍သာ စက်မွေ့ရာ၊ မေ့ကာပျော်မိခဲ့သည်နှင့်လေး။ မင်းပျို့နွဲ့ငယ်ကို၊ တကယ်နိုင်လို၊ မြင်းညိုကြီးငယ်နှင့်၊ သူရောက်ကယ်ကြဝင်၊ ပျော်ရွှင်နှစ်သက်၊ ယဉ်လှပါတယ်မွေ့ရာ၊ တထောင်ထွာ အသာနွဲ့၍ စက်သနှင့်လေး။သည်ဖြစ်ချက်ကယ်ကြောင့်၊ အိပ်မက်ကယ်နှင့်ပင်၊ ထင်မြင်မိတော့သည်။ သည်ဖြစ်ချက်ကယ်ကြောင့်၊ အိပ်မက်ကယ်နှင့်ပင်၊ ထင်မြင်မိတော့သည်။" ဆိုသည့် အချပိုဒ်ကို နှစ်ချက်ဆင့်၍ စပ်ဆိုထားသောကြောင့် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းခေတ်မတိုင်မီရှိနှင့်နေသော တျာချင်းများ၏ သဘောသဘာဝများဟုဆိုရပေမည်။ ဝန်ကြီးပဒေသရာဇာအနေဖြင့် ထိုတျာချင်းကဗျာများ၏ သဘောသဘာဝများပေါ်မူတည်၍ ၎င်း၏တျာချင်းကဗျာများကို ကိုယ်ပိုင်ဟန်ဖော်၍ ရေးဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း မှန်းဆရပေသည်။ ညောင်ရမ်းခေတ်တွင်ပင် မှန်နန်းရာဇဝင်တော်ကြီးရေးသားသူ ဦးကုလားနှင့်လည်း ခေတ်ပြိုင်စာဆိုများဖြစ်ကြသည်။ ဝန်ကြီးအနေဖြင့် နာမည်ကျော်ကြားလှသည့်"သူဇာကိုလည်း မပစ်နှင့်၊ စာနုကိုလည်းမချစ်နှင့်" ဆိုသည့် သူဇာပျို့အပါအဝင် ပျို့ကြီး ခုနစ်ပျို့နှင့် ပျို့ငယ်များအပါအဝင် ပျို့ ၁၄ ပျို့ကို ရေးသားခဲ့သည်။ ထို့ပြင် ချောင်းတွင် ထိပ်ဦးတင်ချောင်းအပါအဝင် ချောင်းများပြုစုခဲ့သည်သာမက ၃၇ မင်းနတ်ချင်းပါ ရေးသားပြုစုခဲ့သည်။ ဘုန်းတော်ဘွဲ့၊ သီချင်းခံကြီးများအပြင် ကဗျာဂီတစာပေမျိုးစုံရေးဖွဲ့ခဲ့ရာ ဖွဲ့သည့်အနုပညာသည် ဖွဲ့သည့်နယ်ပယ်အလိုက် အထင်အရှားရပ်တည်နိုင်ကြသည်မှာ ယနေ့ခေတ်ထိပင်ဖြစ်သည်။ ဥပမာပြရလျှင် သံကြိုးဖွဲ့တွင် "ပုစင်းတောင်"သံကြိုး၊ ပြဇာတ်တွင် "မဏိကတ်"ပြဇာတ်၊ သီချင်းခံတွင် "ဘုန်းထူးဝေဆာ"၊ ကလပ်ငယ်ကြိုးတွင် "သာယာ"၊ ကလပ်ကြီးကြိုးတွင် "သီတာ" စသည်တို့ ဖြစ်ကြပေသည်။ ဤ "သာယာ" နှင့် "သီတာ" တွင်လည်း ကလပ်ကြီးနှင့် ကလပ်ငယ်ဝိရောဓိကလည်းရှိနေပေသေးသည်။ မည်သို့ပင်ဆိုစေ ထိုနာမည်အကျော်ဒေးယျများတွင် တျာချင်းကဗျာများသည်လည်း ထိပ်တန်းကပင် ပါဝင်ခဲ့ကြသည်မှာ ယနေ့ခေတ်တိုင်ပင်ဖြစ်ပေတော့သည်။ အာဇာနည်ကိုးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ဒီးဒုတ်ဦးဘချို၏ ဂီတဝိသောဓနီကျမ်း၊ ဘွဲ့သီချင်းများအခန်းတွင် တောင်ဘက်ပိန်းဝင်တျာဘွဲ့(မိုးဦးကာလ)နှင့် ထန်းတက်တျာဘွဲ့(နွေဦးကာလ)တို့ပါဝင်ကြလေသည်။ ပညာရှင်တို့ရေးသားကြသည့် ကဗျာဗန္ဓသာရကျမ်းတွင်လည်း တျာချင်းဟူသည် "တေးဟူသောပုဒ်၏ အနက်ကဲ့သို့ပင် သာယာစွာသီဆိုရသောသီချင်းတစ်မျိုး"ဟုဆိုသည်။ မြန်မာ့စွယ်စုံအဘိဓာန်ကျမ်း၌ "တံတျာတေတျောအသံများအနက် တျာသံနှင့် ရွတ်ဆိုရသောကဗျာသီချင်း"ဟုဆိုသည်။ ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာဖွဲ့စည်းပုံကကို လေးချိုးကဗျာပုံသဏ္ဌာန်နှင့်ဆင်ပြီး အက္ခရာစာလုံးအရေအတွက်နှင့်အသံသွားအသံလာထူးခြားသည်။ အပိုဒ်အဆုံးသတ်ကို "လေး" နှင့်ချပြီး တစ်ပိုဒ်နှင့်တစ်ပိုဒ်ကို အဆုံးသတ်ကာရန်နှင့် အစကာရန်ချိတ်ဆက်ထားကာ ကဗျာအဆုံးတွင် အပိုဒ်ငယ်နှစ်ကြောင်းဖြင့် အရှိန်သတ်ထားသည်။

> ❖ ဝန်ကြီးပဒေသရာဇာသည် ငယ်စဉ်က မွေတုံရွာဆရာရိုးထံတွင် ပညာသင်ကြားခဲ့ပြီး အရွယ်ရောက်သောအခါတွင် အင်းဝသို့လာရောက်အမှုထမ်းခဲ့သည်။ စနေမင်းလက်ထက်တွင် စုရွေးစုကိုင်အဖြစ် အမှုထမ်း၍ ကဗျာလင်္ကာများကိုရေးသားခဲ့သည်။ တနင်္ဂနွေမင်းလက်ထက်တွင် လက်ဝဲရွှေတောင်ဘွဲ့ရရှိခဲ့ကာ မန်ကျည်းတုံရွာကိုစားစေပြီး ဝေါပလာမှူးရာထူးကိုရရှိခဲ့သည်။ တနင်္ဂနွေမင်း၏သားတော် မဟာဓမ္မရာဇာဓိပတိမင်းကို အချီတော်အဖြစ် ခစားထမ်းရွက်ရသည်။ ထိုမင်းသားက မင်းအဖြစ်ကိုရရှိသောအခါ ဘယကျော်သူဘွဲ့ ဖြင့် ဇလွန်မြို့ကိုစားရသည်။ ❖

**ဝန်ကြီးပဒေသရာဇာ၏ တျာချင်းခြောက်ပုဒ်**

ဆရာဇော်ဂျီ၏ ရသစာပေနိဒါန်းစာအုပ်တွင် ပါရှိသော ဝန်ကြီးပဒေသရာဇာ၏တျာချင်းခြောက်ပုဒ်ကို မြန်မာစာညွန့်ပေါင်းကျမ်း ပထမတွဲ၊ ဒုတိယတွဲနှင့် ပဉ္စမတွဲတို့ဖြင့် တိုက်ဆိုင်ကြည့်ရာ မိုးဦးကာလ-ချီတောင်ဘက်ပိန်းဝင်ဘွဲ့၊ နွေဦးကာလ-ချီထန်းတက်ဘွဲ့၊ ဝသန်ကာလ-ချီလယ်ထွန်ဘွဲ့၊ ဆောင်းဦးကာလ-ချီတောင်ပိုင်တက်ဘွဲ့၊ တပေါင်းမာသ-ချီကုန်တင်လှေကြီးဘွဲ့နှင့် ဝသန်ငယ်မာသ-ချီတောဆင်ဖမ်းဘွဲ့ဟူ၍ ခြောက်ပုဒ်တွေ့ရသည်။ ဆရာဇော်ဂျီက "ကုန်တင်လှေကြီးဘွဲ့" ပင်လျှင် ဦးဖိုးလတ်စုဆောင်းပုံနှိပ်သော "နောက်တွေ့ရှေးသီချင်းကြီးများ" စာအုပ်ကြောင့်တွေ့ရှိရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ သို့ဖြစ်၍ ဤထက်မကသော တိမ်မြုပ်နေမည့်တျာချင်းကဗျာများလည်း သုတေသီများကြောင့် ပေပုရပိုက်များမှ တစ်ဆင့် ထပ်မံရှာဖွေတွေ့ရှိပါစေကြောင်း မျှော်လင့်မိရပေသည်။

ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများကြောင့်လည်း ထိုခေတ်နေပြည်သူလူထု၏ လုပ်ကိုင်နေထိုင်စားသောက်ပုံများကို တွေ့မြင်ခွင့်၊ ခံစားခွင့်ရရှိခဲ့သည့်အပြင် တျာချင်းကဗျာအဖွဲ့တီထွင်ဆန်းသစ်ခဲ့မှုကြောင့် ယနေ့ခေတ်လူအများကို တျာသံတျာဘွဲ့ကဗျာသီချင်းများဖြင့် စိတ်ခံစားမှုရသပေးစွမ်းနိုင်မှုရှိသည်မှာ ဝန်ကြီးပဒေသရာဇာ၏ကျေးဇူးပင်ဖြစ်ကြောင်းရေးသားလိုက်ရပေသည်။


**ကိုးကား**

- **ရှေးဟောင်းစာပေသုတေသီတစ်ဦး၏စာပေဂီတနှင့်ဝန်ကြီးပဒေသရာဇာ။**
- **ဦးဖေမောင်တင်၏ မြန်မာစာသမိုင်း။**
- **ဆရာဇော်ဂျီ၏ ရသစာပေနိဒါန်း။**
- **မြန်မာစာညွန့်ပေါင်းကျမ်း(ပ၊ ဒု၊ ပဉ္စမတွဲ)။**
- **အင်းဝနန်းစံမင်းများနှင့် သမိုင်းဝင်နေရာများ ဗိုလ်ရိုတ်(ရတနာပူရ)။**

## ချီလီနိုင်ငံ၌ တောမီးငြိမ်းသတ်ရာတွင်ကူညီပေးရန် မီးသတ်အထောက်အကူပြုပစ္စည်းများနှင့် မီးသတ်ဝန်ထမ်းတချို့ စေလွှတ်ကူညီပေးသွားမည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ်ပြောကြား



**ဆန်တီယာဂို ဖေဖော်ဝါရီ ၁၂**

ချီလီနိုင်ငံတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးမှာ ထိန်းချုပ်ရခက်နေဆဲဖြစ်သည့်အတွက် ကနေဒါနိုင်ငံဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးက ချီလီနိုင်ငံကို ကူညီပေးရန် မီးသတ်အထောက်အကူပြု ပစ္စည်းများနှင့် မီးသတ်တပ်ဖွဲ့မှ ကျွမ်းကျင်ဝန်ထမ်းတချို့ကို စေလွှတ်ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှု အခြေအနေမှာ ခန့်မှန်း၍မရသည့် အခြေအနေတွင်ရှိနေသောကြောင့် ချီလီနှင့် ကနေဒါ နှစ်နိုင်ငံချစ်ကြည်ရေးအရ ကျွမ်းကျင်မီးသတ်ဝန်ထမ်းနှင့် မီးသတ်အထောက်အကူပြုပစ္စည်းများကိုပေးပို့စေလွှတ်သွားရန် စီစဉ်လာခြင်းဖြစ်ကြောင်း၊ ချီလီနိုင်ငံအတွက် လက်ရှိအလိုအပ်ဆုံးကူညီပံ့ပိုးမှုမှာ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးဖြစ်သည့်အတွက် ကနေဒါနိုင်ငံအနေဖြင့် ကူညီပေးသွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးက ပြောကြားသွားခဲ့သည်။

"ကနေဒါနိုင်ငံဟာ ၂၀၂၃ ခုနှစ်က ဆိုးရွားတဲ့ တောမီးလောင်ကျွမ်းမှုပြဿနာနဲ့ရင်ဆိုင်ခဲ့ရတယ်။ ကနေဒါနိုင်ငံက အခက်တွေ့နေချိန်မှာ ချီလီနိုင်ငံဟာ အကူအညီတွေပေးခဲ့တယ်။ လက်ရှိချီလီနိုင်ငံဟာ တောမီးအန္တရာယ်နဲ့ရင်ဆိုင်နေရတယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးနေရတယ်။ ဒီလိုအချိန်မှာ ကနေဒါနိုင်ငံအနေနဲ့ မီးသတ်အထောက်အကူပြုပစ္စည်းတွေနဲ့ ကျွမ်းကျင်မီးသတ်ဝန်ထမ်းတွေကို ရွေးချယ်စေလွှတ်ပေးသွားမယ်"ဟု ကနေဒါနိုင်ငံဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးက ပြောကြားခဲ့သည်။

ချီလီနိုင်ငံ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ဦးရေ ၁၀၀ ကျော်ရှိပြီး ပျောက်ဆုံးနေသူ ဦးရေ ၃၀၀ ကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

## တက္ကဆက်ပြည်နယ်၌ ကာလရှည်မိုးခေါင်မှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မွေးမြူရေးကဏ္ဍတွင် ကျွဲ၊ နွားအကောင်ရေ သိသိသာသာလျော့ကျလာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် တောင်ဘက်ပိုင်း၌ ကာလရှည် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မွေးမြူရေးကဏ္ဍတွင် ကျွဲ၊ နွားအကောင်ရေ သိသိသာသာလျော့ကျလာကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန၏ စစ်တမ်းများအရ မိုးခေါင်မှုကြောင့် စားကျက်များရှားပါးလာသကဲ့သို့ မွေးမြူရေးကဏ္ဍအတွက် ပေးဝေနေသည့် သောက်သုံးရေပမာဏကိုလည်း လျှော့ချလိုက်ရသဖြင့် ၇၃ နှစ်အတွင်း ကျွဲ၊ နွားအကောင်ရေ စံချိန်တင်ကျဆင်းလာကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၁ ရက်က ကျွဲ၊ နွား အကောင်ရေ စစ်တမ်း ကောက်ယူခဲ့ရာတွင် လက်ရှိကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျွဲ၊ နွားအကောင်ရေ ၈၇ ဒသမ ၂ သန်းရှိပြီး ၎င်းပမာဏမှာ ၂၀၂၃ ခုနှစ်က ကောက်ယူခဲ့သောစစ်တမ်းအရ တစ်နှစ်တာအတွင်း ကျွဲ၊ နွားအကောင်ရေ ၂ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ်လောက်ကနေစတင်ပြီးတော့ ရာသီဥတုတွေစတင်ပြောင်းလဲလာတယ်။ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုတွေကြောင့် စားကျက်တွေ ရှားပါးလာတယ်။ မိုးခေါင်တဲ့အတွက် မွေးမြူရေးကဏ္ဍကို လုံလောက်တဲ့သောက်သုံးရေ မပေးနိုင်တော့ဘူး။ အစာရေစာရှားပါးလာတဲ့အတွက် ကျွဲ၊ နွားသေဆုံးမှုနှုန်းတွေ မြင့်တက်လာသလို ပေါက်ဖွားမှုနှုန်းကလဲ လျော့ကျလာတယ်။ မှတ်တမ်းတွေအရ ၂၀၂၃ ခုနှစ်က ကောက်ယူခဲ့တဲ့စစ်တမ်းတွေအရ ကျွဲ၊ နွားအကောင်ရေ ၈၇ ဒသမ ၂ သန်းရှိခဲ့ပေမဲ့ အခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ကောက်ယူခဲ့တဲ့မှတ်တမ်းတွေအရ လက်ရှိကာလထိ ကျွဲ၊ နွားအကောင်ရေ ၂ ရာခိုင်နှုန်း လျော့ကျလာတယ်"ဟု Spade Ranches မွေးမြူရေးကုမ္ပဏီ၏အမှုဆောင်ချုပ် ဝက်စလေက ပြောကြားခဲ့သည်။

ကျွဲ၊ နွားအကောင်ရေလျော့ကျလာခဲ့ခြင်းကြောင့် အသားထုတ်လုပ်ရေးနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများလည်း ခက်ခဲကျပ်တည်းသည့်အခြေအနေဖြင့် ရင်ဆိုင်လာရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

## ကမ္ဘာ့လေထုအညစ်ညမ်းဆုံးမြို့များစာရင်းတွင် လာဟိုးမြို့ အဆင့်(၅)သို့ရောက်ရှိ

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၁၂**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သည် ယနေ့တွင် လေထုညွှန်းကိန်း ၁၉၂ သို့ ရောက်ရှိနေပြီး ကမ္ဘာ့လေထုအညစ်ညမ်းဆုံး မြို့များစာရင်းတွင် အဆင့်(၅)သို့ရောက်ရှိနေကြောင်း ပါကစ္စတန်မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အသေးစိတ် အချက်အလက်များအရ လာဟိုးမြို့သည် ယနေ့တွင် အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်ရှိကာ လေအေးများတိုက်ခတ်၍ နေရောင်ကောင်းစွာရရှိနေသော်လည်း ညစ်ညမ်းမှုပိုတိုးလာပြီးနောက် ၂၄ နာရီထိ လေထုညစ်ညမ်းမှု ဆက်လက်ဖြစ်နေဖွယ်ရှိကြောင်း ပါကစ္စတန်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

မိုးလေဝသဌာန၏ထုတ်ပြန်ချက်အရ လာဟိုးမြို့သည် အမြင့်ဆုံးအပူချိန် ၂၁ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနိုင်ပြီး လေထုထဲတွင် စိုထိုင်းဆ ၉၀ ရာခိုင်နှုန်းနှင့် လေတိုက်နှုန်း ၅ ကီလိုမီတာရှိကာ မိုးရွာသွန်းနိုင်ခြေမရှိသဖြင့် လေထုညစ်ညမ်းမှုဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း သိရသည်။



လာဟိုးမြို့အတွင်း မီးခိုးမြူဆန့်ကျင်ရေးအမိန့်များချိုးဖောက်မှုကို ဆက်လက်၍အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ နည်းပညာဟောင်းများကို အသုံးပြုလျက်ရှိသည့် မီးခိုးထွက်စေသော မီးဖိုအမျိုးမျိုးကိုလည်း တားမြစ်ခြင်းနှင့် ဖြိုဖျက်စေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ကော်မရှင်နာမင်းကြီး မိုဟာမက်အယ်လီရန်ဒါဝါက ပြောကြားခဲ့သည်။

လာဟိုးမြို့တွင် မီးခိုးမြူ ရှင်းလင်းပေးနိုင်သည့် ဂျင်နရေတာများကို တပ်ဆင်ထားပြီး မီးခိုးမြူ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဂျင်နရေတာတစ်ခုသည် ၁၀ စတုရန်းကီလိုမီတာအတွင်းရှိ မီးခိုးမြူ သို့မဟုတ် ညစ်ညမ်းစေသော အခိုးအငွေ့များကို ရှင်းလင်းပေးနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ဒါရိုက်တာ နာဆမ်အာရာဟန်ရှက်က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**

## ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် ရာသီဥတုဆိုးရွားမှုကြောင့် စာသင်ကျောင်းများပိတ်ထားရန် ကြေညာ

**ဆူဗာ ဖေဖော်ဝါရီ ၁၂**

ဖီဂျီနိုင်ငံတွင် အပူပိုင်းလေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေပြီး ရာသီဥတုဆိုးရွားလျက်ရှိသောကြောင့် ပညာရေးဝန်ကြီးဌာနက နိုင်ငံမြောက်ပိုင်းရှိ စာသင်ကျောင်းများကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၁၄ ရက်ထိ ပိတ်ထားမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖီဂျီနိုင်ငံ အနောက်တောင်ဘက်တွင် အပူပိုင်းလေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လျက်ရှိပြီး ဖီဂျီနိုင်ငံဘက်သို့ တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိကာ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြစ်ရေလျှံတက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

မိုးသည်းထန်စွာ ရွာသွန်းသည့်အခြေအနေများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသော ဒေသများနှင့် မြစ်ချောင်းများ၊ ဗီတီလီဗူနှင့် ဗန်နူလီဗူကျွန်းတို့ကဲ့သို့ မြေနိမ့်ပိုင်းဒေသများတွင် ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ကလေးငယ်များ နေအိမ်များတွင်သာနေထိုင်ကြရန်၊ ရေကြီးနေသောမြစ်များ၊ ချောင်းများနှင့်ဝေးဝေးနေရန်၊ မိဘများအနေဖြင့် မိုးလေဝသသတင်းများကို နားထောင်ကြရန်နှင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားကြရန် မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ပြည်နယ်အတွင်းရှိ လမ်းအများအပြားပေါ်တွင် ရေများပြည့်လျှံလျက်ရှိပြီး သွားလာရေးခက်ခဲမှုများ ဖြစ်ပေါ်နေကြောင်း၊ ပြည်သူများအနေဖြင့် ရာသီဥတုဆိုင်ရာ အကြံပေးချက်အားလုံးကို လိုက်နာကြရန်နှင့် အကူအညီရယူနိုင်ရန်အတွက် ရဲတပ်ဖွဲ့ကွပ်ကဲမှုဌာနများသို့ ဖုန်းခေါ်ဆိုအကူအညီတောင်းခံရန်လည်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

## ဩစတြေးလျနိုင်ငံ ပြည်နယ်နှစ်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်နေ

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၂**

ဩစတြေးလျနိုင်ငံ၌ အပူလှိုင်းဖြတ်သန်းမှုကြောင့် ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ ဗစ်တိုးရီးယားပြည်နယ်နှင့် အနောက်ပိုင်းဩစတြေးလျပြည်နယ်တို့တွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပက်သ်မြို့တွင် အပူချိန်မှာ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပြီး အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် နာမည်ကြီး အပန်းဖြေစခန်းများတွင်လည်း အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်မီးများ ဖြတ်တောက်ထားရပြီး ဒေသခံများမှာလည်း အပူချိန်မြင့်တက်မှုကြောင့် ကမ်းခြေများတွင် သွားရောက်အနားယူနေရကြောင်း၊ အပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်ထားသောဧရိယာများမှာ ကင်ဘာလေမြို့၊ ဂတ်ကွိုင်နီမြို့၊ အနောက်အလယ်ပိုင်းဒေသများနှင့် တောင်ပိုင်းဒေသများဖြစ်ကြောင်း သိရသည်။

"ဗစ်တိုးရီးယားပြည်နယ်နဲ့ အနောက်ပိုင်း ဩစတြေးလျပြည်နယ်တွေမှာမြင့်တက်နေတဲ့အပူချိန်ပမာဏဟာ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ကျန်းမာရေး ချို့တဲ့သူတွေအတွက် အသက်အန္တရာယ် ရှိနိုင်ပါတယ်။ ဈေးဝယ်စင်တာ၊ စာကြည့်တိုက်တို့လို မီးစက်နဲ့ လေအေးပေးစက်တွေ အချိန်ပြည့်လည်ပတ်နေတဲ့ နေရာတွေမှာ သွားရောက်အနားယူသင့်ပါတယ်"ဟု ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိ အပူချိန်မြင့်တက်နေသည့်မြို့များတွင် အပူချိန်ပမာဏ ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး လာမည့် ၂၄ နာရီအတွင်း အပူချိန်ပမာဏ ၃၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ကြောင်း၊ ညအပူချိန်မှာလည်း ၂၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေသည့်အတွက် ပုံမှန်မဟုတ်သော အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**








## ဝန်ထမ်းအလိုရှိသည်

(၁) Photoshop အခြေခံကျွမ်းကျင် –ကျား (3) ဦး

(၂) Delivery - ကျား (3) ဦး

(၃) Cashier - မ (3) ဦး

လျှောက်ထားလိုသူများသည် စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ (၁)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်-King Colour Separation

၃၆ လမ်း၊ ၈၄ × ၈၅ ကြား၊ Ph.No 09-970009732

## မိခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ရှမ်းကလေးကျွန်း)၊ Grade-4 တွင် ပညာသင်ကြားနေသော မောင်ရှိုင်းမြင့်မား ၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်နီလာဦးဖြစ်ပါကြောင်း။ ဒေါ်နီလာဦး(၉/အမရ(နိုင်)၁၂၀၇၈၈)


## ခြင်ဆေးခွေ သုံးလျှင် သတိယူ၍ အောက်တွင် ခံခွက် မမေ့နှင့်

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ကမ္ဘာပေါ်တွင် **Food Security** အတွက် လိုအပ်ချက်များရှိ...

❖ အဆိုပါစားနပ်ရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို...

❖ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ရာခိုင်နှုန်း ၃၀၀ ကျော်ခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိ...

❖ ထို့ကြောင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားတက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက ဖတ်ကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဗိုလ်ချုပ်မှူးကြီး ဖတ်ကြားသည်။

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုကြီး

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

**MYAWADDY TRADING LIMITED**





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257